မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကျင်းပ

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်၊ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၉

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၂) ဦး ရှိသည့်အနက် (၆၄၈) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၃၉) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၄ ◆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၃၀ ရက်)

မြို့ရွာများသန့်ရှင်းသာယာလှပရေး ပြည်သူများပါဝင်ဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ မြို့ရွာများ သန့်ရှင်းသာယာလှပရေးသည် အဓိကကျပေသည်။ မြို့ရွာများသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရာ၌ ပြည်သူများ၏ စည်းကမ်းလိုက်နာမှုသည် အရေးကြီးသည်။

မြို့ရွာများစည်ပင်သာယာရေးအတွက် လမ်းများကိုအဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိရာ ယာဉ်မောင်းသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာပြီး ကုန်တန်ချိန်တို့ကို သတ်မှတ်စည်းကမ်းအတိုင်း တင်ဆောင်မောင်းနှင်ပါက ယာဉ်တိုက်မှုများ လျော့နည်းကာ လမ်းများလည်း ပျက်စီးမှုလျော့နည်းလာမည်ဖြစ်သည်။

မြို့ရွာများသန့်ရှင်းသပ်ရပ်ရေးအတွက် ပြည်သူများသည် လမ်းပေါ်တွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးများထွေးခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် စည်းကမ်းမဲ့ဈေးခင်းရောင်းခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ထို့အပြင် သတ်မှတ်ထားသည့်စည်းကမ်းများကို တစ်ဦးချင်း၊ တစ်ယောက်ချင်းက အသိစိတ်ဓာတ်ရှိရှိဖြင့် လေးစားလိုက်နာဆောင်ရွက်သွားကြပါက အဆင့်မြင့်သော၊ သန့်ရှင်းလှပသော မြို့ရွာများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည်။

စည်းကမ်းမဲ့အမှိုက်ပစ်မှုကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်း၊ ရေစီးရေလာမကောင်းခြင်း၊ အနံ့အသက်မကောင်းခြင်းများဖြစ်ပေါ်ရပြီး ကျန်းမာရေးကို ထိခိုက်ရသဖြင့် ရေနုတ်မြောင်းတူးဖော်ခြင်း၊ တိုးချဲ့ခြင်း၊ ပိတ်ဆို့မှုများကိုဖယ်ရှားခြင်းဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြို့ရွာများသန့်ရှင်းလှပရေးအတွက် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်ကောင်းများဖြစ်စေရန် ပန်းဥယျာဉ်များ၊ ပန်းခြံများ တည်ဆောက်ခြင်း၊ အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေအလှပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးထားရာ ပြည်သူများသည် စည်းကမ်းရှိစွာဖြင့် စိတ်အပန်းပြေမှုကို ရရှိခံစားကြရမည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် မြို့ရွာအိမ်ခြေများသည်လည်း ခေတ်မီတိုးတက်လျက်ရှိရာ မြို့ရွာများသန့်ရှင်းသာယာလှပရေးအတွက် တစ်ဦးတစ်ယောက်ချင်းမှ အစပြုပြီး ပြည်သူအများက စည်းကမ်းရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် မိမိတို့နေထိုင်ရာ မြို့ရွာများသည် အစဉ်သာယာလှပနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖွင့်လှစ်ပေး

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့မှူးမြို့နယ်ရှိ ကော့မှူး-ငှက်အော်စမ်းကျေးလက်လမ်းကတ္တရာထပ်ပိုးလွှာလမ်းနှင့် တောင်မြေလမ်းများဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေယာဉ်မောင်းသင်တန်း ကျောက်တန်း၌ဖွင့်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့တွင် ရေယာဉ်မောင်းသင်တန်း အပတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ၌ မတ် ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး (အပေါ်ပုံ) ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းမျိုးတင့်နှင့် ရေယာဉ်မှူး ဦးမောင်မောင်တို့က အခြေခံရေယာဉ်မောင်းနှင်ခြင်းဥပဒေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စက်တပ်ရေယာဉ်မောင်းများအား စာတွေ့၊ လက်တွေ့ ပို့ချခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်တွေမြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုကို မတ် ၁၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် ဒုတိယဦးစီးမှူး(ဈေး)တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ခြေနီနှင့် မီးသတ်အခြေခံသင်တန်းဆင်းပွဲ ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပ

ရန်ကုန် မတ် ၂၉

ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဖွင့်လှစ်သည့် အခြေခံကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်းနှင့် အကြိုအခြေခံမီးသတ်ပညာသင်တန်းအဖွဲ့(၁) ဆင်းပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေး ဟောင်းအပေါ်ထပ်တွင် ကျင်းပရာ အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားပြီးနောက် ကြက်ခြေနီဘာသာရပ်ထူးချွန်ဆု၊ အကြိုအခြေခံမီးသတ်ဘာသာရပ် ထူးချွန်ဆု၊ လက်နက်မဲ့စစ်ရေးပြ ဘာသာရပ် ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဥက္ကဋ္ဌ **(ဝဲပုံ)**၊ အတွင်းရေးမှူး ဦးစိုးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေးတို့က ချီးမြှင့်ခဲ့ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်းနှင့် အကြိုအခြေခံမီးသတ်ပညာသင်တန်းအဖွဲ့(၂)ဆင်းပွဲကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်အတွင်းရေးမှူး၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးစီးမှူး (ဒုတိယတန်း) ဦးရဲလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၀၄၂)

ဂိုးရာပန်းပညာရှင်များ အစည်းအရုံး တောင်ငူမြို့နယ်၌ ဖွဲ့စည်း

ရန်ကုန် မတ် ၂၉

တောင်ငူမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၂၅ ရက်က မြို့နယ်ရှိ အမေ့ကျေးဇူး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးမင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ပန်းချီလှတင်ထွန်း)၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today)တို့က ရိုးရာပန်းဆယ်မျိုးပညာရပ်လုပ်ငန်းများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာပန်းအနုပညာရပ်များ နိုင်ငံတကာနယ်ပယ်သို့ ပိုမိုပြန့်ပွားရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးနီပိုဦးက ဖွဲ့စည်းပုံစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ပန်းချီ ဦးစိုးမြင့်စိန်၊ အတွင်းရေးမှူး ပန်းချီဦးကျော်ကျော်ခက်တို့ ပါဝင်သော တောင်ငူမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ပန်းပညာရှင်များအစည်းအရုံး)

ဆေးနှင့် ဆေးပစ္စည်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၃၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထံ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များအသင်း)

30-3 (02).pmd 1 3/30/2011, 1:03 AM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး China Railway International Ltd. ဥက္ကဋ္ဌ Mr. Zhao De Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

** ကျောဖုံးမှ*

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး China Railway International Ltd. ဥက္ကဋ္ဌ Mr. Zhao De Yi ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးချိုထွန်းအောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၃၀

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချိုထွန်းအောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် မတ် ၂၂ ရက်တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရာဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဂမ်ဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဒမ်ဘို အမ် ဘက်ဂျီအား ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂမ်ဘီယာသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဒမ်ဘို အမ် ဘက်ဂျီအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ ဒမ်ဘို အမ် ဘက်ဂျီသည် ၁၉၈၀ခုနှစ်တွင် ဗြိတိန်နိုင်ငံ စကော့တလန်ရှိ ဂလတ်စ်ဂို ကာလယ် ဒိုးနီးယမ်း တက္ကသိုလ်မှ ပြည်သူနှင့်ဖွံ့ဖြိုးမှု စီမံခန့်ခွဲရေးဆိုင်ရာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ပညာရေး၊ လူငယ်နှင့် အားကစား၊ ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးစသည့် ဝန်ကြီးဌာနများ၊ သမ္မတ၏ ပြည်ပရေးရာရုံး၊ ယဉ်ကျေးမှုနှင့် သာသနာရေးရာ စသည်တို့တွင် ၁၉၉၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြောက်ပိုင်းကမ်းရိုးတန်းဒေသ၊ မြစ်ခြေဒေသနှင့် အနောက်ပိုင်းဒေသ မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်တွင် ဘရပ်ဆဲလ်မြို့ ဂမ်ဘီယာသံရုံး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ဆီရာလီယွန်၊ လိုက်ဘေးရီးယား၊ အိုင်ဗရီကို့စ်နိုင်ငံဆိုင်ရာ ဂမ်ဘီယာ သံအမတ်ကြီးအဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး (၅)ဦး ရှိသည်။

မစ္စတာ ဒမ်ဘို အမ် ဘက်ဂျီသည် နယူးဒေလီမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂမ်ဘီယာသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် စည်ပင်နှင့်ဈေးသူ၊ ဈေးသားများပူးပေါင်းဆောင်ရွက်သည့် သား၊ ငါးရုံ ယင်လုံဆန်ခါတပ်ဆင်ဆောက်လုပ်မှုကို မတ် ၁ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၂၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)တွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက် ဘယ်ကဏ္ဍတွေအပေါ် ရိုက်နေသလဲ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် လျှပ်လှုပ်ခတ်မှု သတင်းစုံနှင့် ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် လုံခြုံရေးအရ သကြ်ဳန်မဏ္ဍပ်များ တစုတဝေးတည်း ကျပ်ညပ်စွာ ဆောက်လုပ်ခွင့် ပြုမည်မဟုတ်ဟုဆို၊ အမ်အေအိုင်နှင့် အဲကေဘီဇက် ညီနောင်လေကြောင်းလိုင်းများ ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပျံသန်းမည်၊ ကိုကို(စက်မှုတက္ကသိုလ်)ရေးသားသည့် အစ္စလာမ္မာဘတ်၊ လာဟိုးနှင့် ချစ်ကြည်ရေး ခွေဦးခရီးသည် အခန်းဆက် ခရီးသွား ဆောင်းပါး၊ ရုပ်ချောလာရင်သတိထား အရေပြားထူလေးဖက်နာ ဖြစ်တတ်တယ် ကျန်းမာရေး သုံးသပ်ဆောင်းပါး၊ ဒီနှစ်သကြ်ဳန် သူတို့ဘယ်မှာရှိကြမှာလဲ သကြ်ဳန်ရက်ကို နွှဲပျော်ဖြတ်ကျော်ကြမည့် သရုပ်ဆောင်၊ အဆိုတော်များ၏ ရင်တွင်းစကားများ စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

ဂျပန်ဆူနာမီဒဏ်ကြောင့် တစ်နေ့လူနှစ်ဦးနှုန်းသေဆုံး၊ ဂျပန်အစားအစာအချို့ ဓာတ်ရောင်ခြည်ပါဝင်မှု ပိုများနေဟုဆို၊ ၂၀၀၉ ခုနှစ်က ပစိဖိတ်သမုဒ္ဒရာအတွင်း ခရီးသည် ၂၂၈ ဦးပါ လေယာဉ်ပျက်ကျမှုကြောင့် ပြင်သစ်လေကြောင်း လူသေမှုပဏာမ စွဲချက်ဖြင့် တရားစွဲဆိုခံထားရမှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေး၊ စီးပွားရေး၊ နည်းပညာစသော ကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် မတ် ၂၉

ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ မတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း သိရှိရသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ရွှေဘို	၄၅	၁.၇၇	၄၃	၁.၆၉	၅-၃-၁၉၈၈	၄၇
၂။	နေပြည်တော် (ရေဆင်း)	၅၀	၁.၉၇	၂၅	၀.၉၈	၁၄-၃-၂၀၀၁	၂၈

ကပ္ပလီပင်လယ်ပြင်ရှိ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသက်လေပြင်းကျမည်

နေပြည်တော် မတ် ၂၉

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ခြင်း ရှိ မရှိကို စောင့်ကြည့်လျက်ရှိသည်။

လေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး၊ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်+ဝဋ္ဋသုတ်၊
၅:၂၀ MRTV-4 သတင်း
၅:၅၀ ကြေးမုံပြင်နှင့်တူသောဓမ္မ
တရားတော်
(ဘဒ္ဒန္တစန္ဒသေန)
(သုညတဓမ္မဆရာတော်)
၆:၄၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်…
ကန်တော်ဦးမုမြတ်စေတီ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မင်းအတွက်ဆိုရင်
(အပိုင်း-၅၈)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၆)
၈:၄၅ နာဂလိုဏ်ဂူဘုရားကုန်းမြေမှ
ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့်ဆုချီးမြှင့်ပွဲ
၉:၀၀ Activities in the City
-သာကေတမြို့နယ်၊
အောင်သိဒ္ဓိကျောင်းတိုက်
မုခ်ဦးအုတ်တံတိုင်း
ရေစက်ချပွဲ
-အင်းစိန်မြို့နယ်၊ ဖော့ကန်
ရပ်ကွက်ပထမပြန်စာအောင်
ဆုနှင်းပွဲ
၉:၁၅ ရန်ကုန်မြင်ကွင်းကျယ်
(AT & Sမှကြီးမှူးကျင်းပသော
Navitas Global Education
Exhibition)
၉:၃၅ အားကစားမြင်ကွင်းစုံ
(ရွှေမင်းသားဖောင်ဒေးရှင်း
ရန်ပုံငွေမန္တလေးခရီးစဉ်)
၁၀:၁၅ မျှော်လင့်ခြင်းခရီးစဉ်
ဖြစ်ရပ်မှန်(၆)
(ဦးခေါင်းနှင့်လည်ပင်းပိုင်း
ကင်ဆာများ)
၁၀:၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ
(နေခြည်လင်းလဲ့)
၁၁:၁၀ Industrial Talk
ဒေါက်တာမျိုးသန့်တင်၊
ဒေါက်တာတင်အောင်ရွှေ
(သုတေသီ)
၁၁:၄၀ MRTV -4 ကာတွန်းအစီအစဉ်
၁၂:၁၀ စာအုပ်စာပေလူ့မိတ်ဆွေ
စာရေးဆရာကြီးဒေါက်တာ
ဦးသန်းထွန်း(ရွှေဘို)နှင့်
တွေ့ဆုံမေးမြန်းခြင်း
၁၂:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဟင်းသီးဟင်းရွက်ပေါင်းနှင့်
ပဲပြားကိတ်ကြော်)
၁:၀၀ ကြေးမုံပြင်နှင့်ဓမ္မ
တရားတော်(ဘဒ္ဒန္တစန္ဒသေန)
(သုညတဓမ္မဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း
(ကိုယ်ဝန်ရှိတာကောင်းတယ်၊
ကိုယ်ဝန်မရှိတာကောင်းတယ်)
၃:၁၀ အရဏ်ဦးမှအလှဆင်စရာ
ခန်းဆီးလိုက်ကာများ
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မင်းအတွက်ဆိုရင်
(အပိုင်း ၅၈)
၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၆)
၅:၀၅ ကြည်လင်သောရေ၏
လျှို့ဝှက်ချက်
၅:၂၀ ရန်ကုန်မြင်ကွင်းကျယ်
(Top Presenter ရွေးချယ်ပွဲ)
၅:၃၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ MISS EUSHLDO 2011 ၏
ပြိုင်ပွဲဝင်အကြိုပြင်ဆင်မှုများ
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မင်းအတွက်ဆိုရင်
(အပိုင်း-၅၉)
၇:၂၅ Cartoon Show Time
(ALL Star Superman)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သင်ကြားရေးလမ်းညွှန်
(Gallant Training Centre)
၈:၅၀ Celebrity Style
(ဖြိုးငွေစိုးနှင့်တွေ့ဆုံခြင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အနားမညီအချစ်
(အပိုင်း-၁၇)
၁၀:၁၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
(ဖြူစင်နွေးထွေးတဲ့မိသားစု
အိမ်ကလေး)
၁၀:၄၀ အရှုံးပေး၍ ချစ်လိုက်သည်
(ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွှင်)
(ဒါရိုက်တာ-
အဓိပတိမောင်မောင်ဦး)
၁၁:၀၅ ထာဝရရှင်သန်တောက်ပဆဲ
အနုပညာကြယ်ကြွေပွင့်များ
(တက္ကသိုလ်ဘုန်းနိုင်၏သား
စာရေးဆရာဘုန်းတင့်ကျော်နှင့်
တွေ့ဆုံခြင်း)
(အပိုင်း- ၂)
၁၁:၂၅ ရင်သပ်ရှုမောဖွယ်ရာ…
အံ့ဩသင့်ဖွယ်ရာ…
စိတ်၏ ငြိမ်ချမ်းမှုများ
၁၁:၃၅ World of Knowledge
(Planet Mecharics)
၁၂:၂၅ စက္ကူလွှင်လွှင်ပန်းယဉ်ယဉ်
အလှဆင်စေချင်
၁၂:၃၅ Celebrity Profile
(မန္တလေးသိန်းဇော်နှင့်တွေ့ဆုံခြင်း)
၁:၀၀ ကလေးများအတွက်ပါးစပ်ထဲမှ
သွားကလေးများအကြောင်း
၁:၂၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင်
(ပန်းပွင့်များရဲ့ ဖန်တီးရှင်)
(ပန်းဒေါင်းပြုလုပ်နည်း)
၁:၄၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်
မိုးချိတ်အသွင်
၂:၀၀ မြင့်မြတ်စိတ်ထား
ALKI -KEN အားကစား
၂:၃၀ အဆိပ်အတောက်ကင်းစင်
မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ
သုံးစွဲကြ…
၂:၅၅ သဘာဝအလှများစုဝေးရာ
ပူတာအိုမြို့
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ မုံရွာမြို့သို့ အလည်တစ်ခေါက်
၄:၂၀ ပေါ့ပေါ့ပါးပါး
ဂေါက်သီးအားကစား
(အခြေခံ)
(လေးပုံသုံးပုံလွှဲချက်
ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၄:၂၅ ပုညာရာမမိုးကုတ်ဝိပဿနာ
ကျောင်းတိုက်၏ တစ်သက်စာ
ဝိပဿနာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ တောင်သူများစိုက်ပျိုးသည့် သီးနှံများအတွက် ပိုးသတ်ဆေးသုံးစွဲမှုနှင့် စပ်လျဉ်းသည့်မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က တောင်သူများစိုက်ပျိုးလျက်ရှိသည့် သီးနှံများကို ပိုးမွှား/ရောဂါများ ရန်မှကာကွယ်ရာတွင် အချို့သော နေရာများ၌ အာနိသင်မရှိသော ပိုးသတ်ဆေးများသုံးစွဲမိ၍ သီးနှံများ ထိခိုက်မှုရှိသည့် ဖြစ်စဉ်များရှိခဲ့ကြောင်းနှင့် အချို့သောနေရာများတွင် အာနိသင်ပြင်းထန်သော ပိုးသတ်ဆေးများသုံးမိ၍ ဓာတ်ကြွင်း အာနိသင်များကြောင့် စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်သည်ကို ကြားသိရပါကြောင်း၊ ထို့ကြောင့် ကာကွယ်တားဆီးနိုင်မည့်အစီအမံများ ရှိ/မရှိ၊ ရှိပါက မည်သို့ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်းဖြင့်မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုမှ ကာကွယ်တားဆီးရေးအတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို သုံးစွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ ပိုးမွှားရောဂါကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ဓာတုပိုးသတ်ဆေးများကို ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ ရောင်းချရာတွင် စစ်မှန်သော ပစ္စည်းများသာ ရောင်းချရေးအတွက် ပိုးသတ်ဆေးဥပဒေကို ၁၉၉၀ ပြည့်နှစ်၊ မေ(၁၁)ရက်တွင် လည်းကောင်း၊ ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ၁၉၉၁ ခုနှစ် ဇူလိုင်(၈) ရက်တွင် လည်းကောင်း ပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့နှင့် နည်းပညာကော်မတီများ ဖွဲ့စည်းလျက် ပိုးသတ်ဆေးများ မှတ်ပုံတင်ရေး၊ တင်သွင်းခွင့်အတွက် ထောက်ခံချက်များ ထုတ်ပေးရေးကို အဆင့်ဆင့် သေချာစွာ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မှတ်ပုံတင်ခြင်းနှင့် တင်သွင်းခွင့် ထောက်ခံချက် ထုတ်ပေးရာတွင် ပိုးသတ်ဆေးများ၏ အရည်အသွေးနှင့် အဆိပ်အန္တရာယ်ဖြစ်မှု အဆင့်အတန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ပိုးသတ်ဆေးများကိုလည်း ရောင်းချဖြန့်ဖြူးရာ နေရာများမှ နမူနာများကို စံချိန်စံညွှန်းမီ မမီ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် သုံးစွဲသူတောင်သူ လယ်သမားများနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတကာ ကွန်ဗင်းရှင်းမှ သဘောတူညီ တားမြစ်ထားသော အဆိပ်သင့်မှုပြင်းထန်သည့် ပိုးသတ်ဆေးများနှင့် ပတ်ဝန်းကျင်တွင် ဓာတ်မပြယ်ဘဲ အဆိပ်အာနိသင် အချိန်ကြာမြင့်စွာ ကျန်ရှိနိုင်သည့် ပိုးသတ်ဆေး (၁၉)မျိုးကိုလည်း မြန်မာနိုင်ငံအတွင်းသုံးစွဲခွင့် တားမြစ်ပိတ်ပင်ခြင်း၊ တင်သွင်းခွင့်မပြုခြင်းများ ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ သို့လှောင်သီးနှံများ ပိုးသတ်ခြင်းလုပ်ငန်းနှင့် ကြွက်ကာကွယ်နှိမ်နင်းရေး၊ ငှက်ဖျားရောဂါကာကွယ်ရေးတို့အတွက် သုံးစွဲလျက်ရှိသည့် ပိုးသတ်ဆေး(၇)မျိုးကိုလည်း အကန့်အသတ်ဖြင့် တင်သွင်းရောင်းချရေး သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းပြင် ပိုးသတ်ဆေးသုံးစွဲရန် နည်းလမ်းများကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိနိုင်ငံအတွင်း ကျရောက်ခြင်းမရှိသေးသည့် ပိုးမွှားရောဂါများ မပြန့်ပွားရေးအတွက် အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို ၁၉၉၃ ခုနှစ် ဇွန် (၁၆)ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး နယ်စပ်ဒေသနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် စစ်ဆေးရေးစခန်း (၁၀)ခုဖွင့်လှစ် စစ်ဆေးလျက်ရှိပါကြောင်း၊ ပိုးမွှားရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်များကိုလည်း အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပါကြောင်း။

စိစစ်ဆောင်ရွက်ပေးလျက်ရှိ

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပိုးသတ်ဆေးများ ရောင်းချရာတွင် စားသုံးသူများ အန္တရာယ်မဖြစ်နိုင်သည့် နိုင်ငံတကာကွန်ဗင်းရှင်းမှ အသိအမှတ်ပြုထားသော ပိုးသတ်ဆေးများကိုသာ မြန်မာဘာသာဖြင့် ဆေးသုံးစွဲရမည့် အညွှန်းများ ထည့်သွင်းရောင်းချစေခြင်းဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်စေခဲ့ပါကြောင်း၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးအတွက် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူသင်တန်းများ၊ လယ်သမား ကျောင်းများဖွင့်လှစ်သင်ကြားပို့ချစေသည့်အပြင် တောင်သူများ ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်း သင်တန်းများတွင်လည်း ဓာတုဆေးဝါးအန္တရာယ်များ၊ အဏုဇီဝပိုးများ၏ အန္တရာယ်များအကြောင်း နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများနှင့် နိုင်ငံခြားပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ပါဝင်မှုကို ခွင့်ပြုသတ်မှတ်နှုန်းထက် ကျော်လွန်မှုမရှိရေးအတွက်လည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ပိုးသတ်ဆေးများကိုသာ သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း အသုံးပြုရေးအတွက် ဆောင်ရွက်သင့်ပါကြောင်းနှင့် အကယ်၍ တံဆိပ်တူ အာနိသင်မဲ့ဈေးနှုန်းနိမ့် ပိုးသတ်ဆေးများတွေ့ရှိပါက သက်ဆိုင်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ဆက်သွယ်အသိပေးမည်ဆိုပါက စစ်ဆေးတွေ့ရှိမှုအပေါ် မူတည်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ရှားမံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအတွက် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှားမံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမည်" ဟု ပါရှိရာ အထက်ပါ ဥပဒေကို တရားဝင်ထုတ်ပြန်ထားပြီး ရှိ မရှိ၊ ထုတ်ပြန်ထားပြီးဖြစ်ပါက မည်သည့်နေရာတွင် ကြည့်ရှုနိုင်သည်ကို သိလိုပါကြောင်းနှင့် ထုတ်ပြန်ထားခြင်းမရှိသေးပါက မည်သည့်အချိန်ကာလတွင် မည်သည့်အဖွဲ့အစည်းက ထုတ်ပြန်မည်ကို သိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦး မောင် ဦး မေး မြန်း ချက်ကို ပြန် လည် ဖြေကြားစဉ်။

(သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးက လည်းကောင်း၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက လည်းကောင်း၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်ကလည်းကောင်း စုစုပေါင်း (၃)ဦးက မေးမြန်းခဲ့သည့်အတွက် ရှင်းလင်းပြန်ကြားပေးပြီး ဖြစ်ပါကြောင်း။ ရပ်ကွက်/ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးအတွက် အုပ်ချုပ်ရေးမှူးများ ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေများကို ယနေ့အထိ လက်ခံကျင့်သုံးလျက်ရှိပါကြောင်းနှင့် အသစ်ထုတ်ပြန်ရန် အစီအစဉ်မရှိသေးပါကြောင်း။

ရှင်းလင်းဖြေကြား

ယနေ့အထိ နိုင်ငံတော်တစ်ဝန်းလုံးတွင် ၁၉၈၈ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်နှင့်ညွှန်ကြားချက်များ၊ ၁၉၈၉ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်မှုစနစ်တို့နှင့်အညီ လက်ခံသုံးစွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ မယ်စဲ့မြို့နယ်တွင် နိုင်ငံတော်မှ တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကျားမောင်၏ မြိတ်ခရိုင် မော်တောင်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း တစ်ပေါင်းတည်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် **မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းက ကယားပြည်နယ်သည် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ မြို့နယ် (၇) မြို့နယ်အနက် ရှားတောမြို့နယ်မှအပ ကျန် (၆) မြို့နယ်သည် မယ်စဲ့မြို့နယ်သို့ သွားရောက်ရာ လမ်းကြောင်းပေါ်တွင် တည်ရှိနေပါကြောင်း၊ ကယားပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ မြန်မာပြည်အလယ်ပိုင်းမှ ကုန်စည်များအား ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အနီးဆုံး နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်၏ ကုန်သွယ်မှုလုပ်ငန်း ပိုမိုတိုးတက်လာစေရေးအတွက်လည်းကောင်း ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ရန် အစီအစဉ် ရှိ မရှိနှင့်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

ဝင်ငွေပိုမိုရရှိနိုင်

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျားမောင်က **တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့ပါဝင်ပြီး ယင်းခရိုင်များရှိ မြို့နယ်များမှ ထွက်ရှိသော ရေထွက်နှင့် အခြားထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ လွယ်လင့်တကူတင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်သွားသင့်ပါကြောင်း၊ လက်ရှိ ထွက်ကုန်ပစ္စည်းများကို ကော့သောင်းမြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ ရနောင်းမြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဆက်သွယ်ရေးလမ်းကြောင်းရှည်လျားပြီး အချိန်ပိုမိုကြန့်ကြာပါကြောင်း၊ သို့ပါ၍ ခရိုင်သုံးခုတို့မှ ထွက်ရှိသော ထွက်ကုန်ပစ္စည်းများကို မြိတ်ခရိုင်အတွင်းရှိ မော်တောင်ဒေသ၏ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် တရားဝင်တင်ပို့ရောင်းချခြင်း အားဖြင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့တွင် ဝင်ငွေပိုမိုရရှိနိုင်ပါသောကြောင့် မော်တောင်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်း တရားဝင်ဖွင့်လှစ်ရန် အစီအစဉ် ရှိ မရှိ သိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဦး တင် နိုင် သိန်း မေးမြန်းချက်များ ကို ပြန် လည် ဖြေကြားစဉ်။

(သတင်းစဉ်)

ဖွင့်လှစ်ပြီးဖြစ်

အဆိုပါမေးမြန်းချက်တို့နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက တစ်ပေါင်းတည်းဖြေကြားရာတွင် **နိုင်ငံတော်အနေဖြင့် ၁၉၈၈ ခုနှစ်မှစတင်၍ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်လျက် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံ မျက်နှာစာအလိုက် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဖွင့်လှစ်ခဲ့ရာ၌ တရုတ်နိုင်ငံ မျက်နှာစာတွင် မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းတို့ကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံမျက်နှာစာတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၈ ခုနှစ်၊ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၉ ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မျက်နှာစာတွင် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်၊ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံ မျက်နှာစာတွင် တမူးနယ်စပ် ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်၊ ရိဒ် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့သည့်အတွက် စုစုပေါင်း နယ်စပ်ကုန်သွယ်ရေးစခန်း ၁၂ခု ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း။**

တွေ့ရှိရမည်

နယ်စပ်မျက်နှာစာအလိုက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့သည့် ခုနှစ်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်နိုင်သည့်အခြေအနေများ တူညီမှုမရှိခြင်းကြောင့် ဖွင့်လှစ်ခဲ့သည့် အချိန်အခါများလည်း ကွဲပြားမှုရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များကို ဒေသတွင်းလုံခြုံအေးချမ်းမှုရှိပြီး လမ်းပန်းဆက်သွယ်မှုနှင့် ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်မည့် အခြေအနေရှိမှသာ ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း။

လိုအပ်

နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်သည့်အခါ မိမိနိုင်ငံတစ်ခုတည်း၏ အစီအစဉ်ဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက် ရယူရန်လိုအပ်ပါကြောင်း၊ ဤသို့ညှိနှိုင်းပြီးပါကလည်း နှစ်နိုင်ငံလုံး၏ နယ်စပ်ဂိတ်တို့တွင် ကုန်သွယ်မှုလုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်းအစီအစဉ် အပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်ပြည့်စုံရန် လိုအပ်ပါကြောင်း၊ ကုန်သွယ်မှုအနေအထားသည်လည်း ဒေသတွင်း နှစ်ဖက်ပြည်သူသာမန်သွားလာ ဝယ်ယူစားသုံးမှုပုံစံ ပမာဏမျှအဆင့်သာ မဟုတ်ဘဲ နှစ်နိုင်ငံကုန်သွယ်မှု ပြုလုပ်နိုင်သည့် ထိုက်သင့်သော ပမာဏအဆင့်ရှိရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ ဟိုပန်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်က **ပန်လုံရွာကို နိုင်ငံတော်က မြို့နယ်ခွဲအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည့်အတွက် ပန်လုံမြို့နယ်သူမြို့နယ်သားအားလုံးက နိုင်ငံတော်အစိုးရအပေါ် အထူးကျေးဇူးတင်လျက်ရှိပါကြောင်း၊ ပန်လုံမြို့နယ်သည် လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် နယ်မြေဖြစ်ပါကြောင်း၊ ဟိုပန်နှင့်ပန်လုံ ကားလမ်းရှိသော်လည်း လမ်းကြမ်းအဆင့်သာ ရှိပါကြောင်း၊ ထို့ကြောင့် ဟိုပန်-ပန်လုံ ကားလမ်းကို ရာသီမရွေးသွားနိုင်ရန် အဆင့်မြင့်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်မည့် အခြေအနေကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နိုင်ငံတော်အစိုးရမှ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသရှိတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသ အထူးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်မြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ် (၆)မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ထက်ပိုပြီး နယ်မြေအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ပန်လုံမြို့နယ်ခွဲနှင့် မန်ကန်မြို့နယ်ခွဲများကို ထပ်မံတိုးမြှင့်ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း မြို့နယ်ချင်းဆက် လမ်းများ၊ ဒေသဆက်သွယ်မှုလမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ မြို့နယ်ရုံး (၆)ရုံး၊ မြို့နယ်ခွဲရုံး (၂)ရုံး ဖွဲ့စည်းထားပြီး နယ်မြေအခြေအနေအပေါ် မူတည်၍ လမ်းတံတားများ တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နယ်မြေအတွင်းရှိ အရှည် (၁၁)မိုင် (၄)ဖာလုံရှိ ကွမ်းလုံ-ဟိုပန်လမ်း၊ အရှည် (၄၄)မိုင် (၄)ဖာလုံရှိ ဟိုပန်-မန်မိန်းဟုန်-ပန်လုံ-နားဝီးလမ်း၊ အရှည် မိုင် (၁၀၀)ရှိ ဟိုပန်-မန်မိန်းဟုန်-ပန်ခွန်-မိုင်းမောလမ်း၊ အရှည်(၆၂)မိုင်ရှိ မိုင်းမော-နားဖန်လမ်း၊ အရှည် (၁၄၈)မိုင်ရှိ မိုင်းမော-ပန်ဝိုင်-ပန်ဆန်းလမ်း၊ အရှည် (၈၈)မိုင်ရှိ ပန်ဆန်း-မန်မန်းဆိုင်-တာကော်အက်-တန့်ယန်းလမ်း၊ အရှည် (၇၃)မိုင်ရှိ မိုင်းပြင်း-မက်မန်းလမ်း၊ အရှည်မိုင် (၂၀)ရှိ ပန်ဆန်း-မိုင်းပေါက်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် တပ်မတော်အင်ဂျင်နီယာတပ်ရင်းများမှ လမ်းများအသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဟိုပန်-မန်မိန်းဟုန်-ပန်လုံ-နားဝီးလမ်း အရှည်(၄၄)မိုင် (၄)ဖာလုံမှ ဟိုပန်-မန်မိန်းဟုန်-ပန်လုံလမ်း (၂၂)မိုင် (၆)ဖာလုံအပိုင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ အပ်ငွေလုပ်ငန်းအဖြစ် တပ်မတော်အင်ဂျင်နီယာတပ်ရင်းက ကတ္တရာလမ်း အဆင့် တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးပါက ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်ပါကြောင်း။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မိုင်းပြင်း- မက်မန်းလမ်းအရှည် (၇၃)မိုင်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ကျဉ်းမြောင်းသည့် လမ်းကျဉ်းနေရာများအား ချဲ့ထွင်ခြင်း၊ အတက်အဆင်းမတ်စောက်၍ လွန်းထိုးတက်ရသည့် လမ်းကွေ့များအား သတ်မှတ်လျှောစောက်ရသည်အထိ အနိမ့်အမြင့်ညှိခြင်း၊ ရေမြောင်းနှင့် တံတားငယ်များ တည်ဆောက်ခြင်းနှင့် ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဆင့် ရောက်သည်အထိ နှစ်အလိုက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယခင်က သွားလာမှုခက်ခဲခဲ့သောမြစ်ကူး၊ ချောင်းကူး တံတားကြီးများကိုလည်း ဒေသလိုအပ်ချက်အရ တည်ဆောက်ပေးခဲ့ရာ မိုင်းမော-မန်တွန် လမ်းပေါ်တွင် ပေ (၂၂၀)အရှည်ရှိ လုံ့ခွတ်ဘေလီတံတား၊ ကွမ်းလုံ-ဟိုပန်လမ်းပေါ်တွင် ပေ(၄၃၀)အရှည်ရှိ နမ့်တိန်သံပေါင်တံတား၊ ပန်ဆန်း-မိုင်းပေါက်လမ်းပေါ်တွင် (၂၁၆ ဒသမ ၅)ပေ အရှည်ရှိ နမ့်ခဘေလီတံတား၊ ဟိုပန်-မိုင်းမောလမ်းပေါ်တွင် ပေ (၂၂၀)အရှည်ရှိ နမ့်ကွမ်းလုံ သံကူကွန်ကရစ် တံတား၊ မိုင်းပြင်း-မက်မန်းလမ်းပေါ်တွင် ပေ(၄၄၀)အရှည်ရှိ ဝမ်တာခက်ဘေလီတံတားတို့ကို တည်ဆောက်ပေးခဲ့ပါကြောင်း။

ဟိုပန်-ပန်လုံကားလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အပ်ငွေလုပ်ငန်းအဖြစ် တပ်မတော် အင်ဂျင်နီယာတပ်ရင်းက ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ရာသီမရွေး သွားလာနိုင်တော့မှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

အထက်ပါအခြေအနေများကို ပြန်လည်ခြုံငုံတင်ပြရပါက နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်မှုစခန်း ဖွင့်လှစ်မည့်ဒေသတွင်း လုံခြုံအေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ကုန်သွယ်မှု ချောမွေ့စွာ ဆောင်ရွက်နိုင်မည့် အဆင့်အထိ ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကောင်းမွန်ပြီး နှစ်နိုင်ငံလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ရေး ညှိနှိုင်းသဘောတူညီချက် ရရှိပြီးဖြစ်ရန်လိုခြင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းသစ် ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ၊ အကောက်ခွန်ဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်များ ရရှိပြီး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံပို့ကုန်သွင်းကုန် အပြန်အလှန်မျှတစွာ ကုန်သွယ်နိုင်သည့် ပမာဏရှိရန် လိုအပ်ခြင်းစသည့် အခြေခံအချက်များ လိုအပ်ပါကြောင်း။

ရှင်းလင်းဖြေကြား

သို့ပါ၍ ဦးကျော်ခိုင်ဝင်းမေးမြန်းသည့် ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပေးရေးနှင့် ဦးကျားမောင် မေးမြန်းသည့် မြိတ်ခရိုင် မော်တောင်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးရေးကိစ္စများတွင် အဆိုပါ မယ်စဲ့နှင့် မော်တောင်ဒေသတို့သည် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရာတွင် စဉ်းစားရမည့် အခြေခံအချက်များနှင့် ပြည့်စုံကိုက်ညီခြင်း မရှိသေးပါသဖြင့် လတ်တလောအခြေအနေတွင် အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံသည့်အခါတွင် ဖြစ်ပေါ်လာမည့် အစိုးရသစ်ထံသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ 'ဝ'ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ဝ"ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။**

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က ဖြေကြားရာတွင် **ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် နယ်စပ်ဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပေးခြင်းထက် ဝန်ကြီးဌာနများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် မေလ (၂၅)ရက်နေ့စွဲပါ အမိန့်အမှတ် (၂၃/၈၉)ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။**

အထက်ပါဗဟိုကော်မတီ၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် မေလ (၃၁)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၈၉)ဖြင့် အဖွဲ့ဝင် (၁၇)ဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသည် ၁၉၈၉ ခုနှစ်မှစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ်ပေါင်း (၂၀)ကျော် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ရာတွင် ကိုးကန့်အထူးဒေသ(၁) ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် မတ် (၃၁)ရက်၌ လည်းကောင်း၊ "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် မေ (၉)ရက်၌ လည်းကောင်း၊ SSA ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် စက်တင်ဘာ (၂၄)ရက်၌ လည်းကောင်း၊ အထူးဒေသ(၄) ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် ဇွန် (၃၀)ရက်၌ လည်းကောင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်နှင့်အမျှ ၎င်းဒေသများ တည်ငြိမ်အေးချမ်းလာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းကဏ္ဍအလိုက် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ဆပ်ကော်မတီ (၁၈)ခုကို လုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပေး

နယ်စပ်ဒေသများတွင် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲနိုင်စေရန်အတွက် ၁၉၈၉ ခုနှစ် ဇွန် (၁၃)ရက်မှစ၍ သက်ဆိုင်ရာဒေသရှိ တိုင်းစစ်ဌာနချုပ် တိုင်းမှူးများ၊ ပြည်နယ်ဥက္ကဋ္ဌများ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (၁၁)ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့က ၁၉၉၂ ခုနှစ် စက်တင်ဘာလ (၂၄)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၉၂)ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ခဲ့

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဆင့်ဆင့်တင်ပြချက်အပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့က ဦးစားပေးအဆင့်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

၁၉၈၉ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရာတွင် ဒေသ (၅)ခု စုဖွဲ့ဆောင်ရွက်ခဲ့ရာ ၎င်းဒေသ (၅)ခုမှာ ကိုးကန့်ဒေသ၊ "ဝ"ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသနှင့် ပလောင်ဒေသတို့ဖြစ်ပါကြောင်း။

အဆိုပါဒေသ (၅)ခုစုဖွဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတစ်ခုလုံးအတွက် ၁၉၈၉ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် (၁၅၈၇၉ ဒသမ ၆၇) သန်း၊ ဝန်ကြီးဌာနများ၏ အသုံးစရိတ်ရန်ပုံငွေမှကျပ် (၃၀၃၆၅ ဒသမ ၁၈) သန်း၊ စုစုပေါင်းကျပ် (၄၆၂၄၄ ဒသမ ၈၅) သန်း ကျခံသုံးစွဲခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့သော လုပ်ငန်းကဏ္ဍများအနက် "ဝ"ဒေသတွင် လမ်း၊ တံတား ကဏ္ဍ၌ မြေသားလမ်း (၄၆၀/၀)မိုင်၊ ကျောက်လမ်း (၃၂၅/၇)မိုင်၊ တန့်ယန်း-တာကော်အက်-ဝိန်းကောင်-ပန်ဆန်း ကတ္တရာလမ်း (၁၀၃/၃)နှင့် လမ်းပြုပြင် ထိန်းသိမ်းခြင်း (၁၀၅၆/၁)မိုင်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နမ့်ခချောင်းကူးတံတား၊ နမ့်ကွမ်းလုံ တံတား၊ နမ့်ပန်တံတား၊ လုံ့ခွတံတား၊ ပန်ပွဲတံတား စုစုပေါင်း တံတားကြီး (၅)စင်း၊ ဟိုပန်-မိုင်းမောလမ်း၌ တံတား(၁၈)စင်း၊ ဟိုပန်-နမ့်တစ်လမ်း၌ တံတား (၂)စင်း၊ မိုင်းမော-ပန်ဝိုင်-ပန်ဆန်းလမ်း၌ တံတား (၇)စင်း၊ တာကော်အက်-ဝိန်းကောင်-ပန်ဆန်းလမ်းပေါ်၌ တံတား (၄၇)စင်း၊ မန်မိန်းဟုန်-ပန်ခွန်လမ်းပေါ်၌ တံတား (၁)စင်း၊ ဝိန်းကောင်အဝင်တံတား (၁)စင်း၊ ဝိန်းကောင်အထွက်တံတား (၁)စင်း၊ ကျောက်တစ်လုံးတံတား (၁)စင်း၊ နမ္မား တံတား (၁)စင်း စုစုပေါင်း တံတား အငယ် (၇၉)စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် မိုင်းမော၊ ဝိန်းကောင်၊ ပန်ဆန်း၊ နားဖန်ဒေသများ၌ ဆေးရုံ (၁၀)ရုံ၊ တာကော်အက်၊ မန်မန်းဆိုင်၊ မန်ကန်၊ မန်ပန်တို့၌ ဆေးပေးခန်း (၁၅)ခန်း၊ ပန်လုံ၊ နောင်ခစ်၊ ပန်ဝိုင်တို့၌ ကျန်းမာရေးဌာန (၃)ခုတို့ကို အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

တွေ့ရ

ပညာရေးကဏ္ဍတွင် ဟိုပန်မြို့နယ်နှင့် နမ့်တစ်မြို့နယ်တို့၌ အထက်တန်းကျောင်း (၁) ကျောင်း၊ အလယ်တန်းကျောင်း (၂)ကျောင်း၊ မူလတန်းကျောင်း (၁၂)ကျောင်း အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ မိုင်းမောမြို့နယ်၌ အလယ်တန်းကျောင်း (၁)ကျောင်း၊ မူလတန်းကျောင်း (၁)ကျောင်း၊ နားဖန်မြို့နယ်၌ မူလတန်းကျောင်း (၁)ကျောင်း၊ ပန်ယန်းမြို့နယ်၌ အထက်တန်းကျောင်း (၁)ကျောင်းနှင့် မူလတန်းကျောင်း(၈)ကျောင်းတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ပန်ဝိုင်၊ ဝိန်းကောင်၊ တာကော်အက်ဒေသတို့၌ အလယ်တန်းကျောင်း (၁)ကျောင်းနှင့် မူလတန်းကျောင်း (၂၁)ကျောင်းတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ "ဝ"ဒေသ၌ စုစုပေါင်း အထက်တန်းကျောင်း (၂)ကျောင်း၊ အလယ်တန်းကျောင်း (၄)ကျောင်း၊ မူလတန်းကျောင်း(၂၈)ကျောင်း ဆောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် မိုင်းမော၊ ပန်ဆန်း၊ ဟိုပန်တို့တွင် စိုက်ပျိုးရေးရုံး (၃)ရုံး၊ နမ့်တစ်၊ ပန်လုံ၊ ဝိန်းကောင်၊ တန့်ယန်းစသည့်ဒေသများ၌ စိုက်ပျိုးရေးစခန်း (၈)ခု၊ မိုင်းမော၌ ထွန်စက်စခန်း (၁)ခု ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သစ်တောကဏ္ဍတွင် ဟိုပန်နှင့် ပန်ဆန်းတို့၌ ပျိုးဥယျာဉ်(၂)ခု တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးကဏ္ဍတွင် မိုင်းမော၊ ပန်ဝါ၊ နမ့်တစ်၊ ပန်ဆန်းတို့၌ မွေးမြူရေးနှင့် ကုသရေးရုံး (၄)ရုံးနှင့် မွေးမြူရေးခြံ (၃)ခြံတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	နိုင်ငံ	ပေးပို့သူ	ရွေးချယ်တင်မြှောက်ခံရသူ	ပေးပို့သည့်နေ့
၁။	တရုတ်ပြည်သူ့ သမ္မတနိုင်ငံ	H.E. Mr. Hu Jintao President	ဦးသိန်းစိန် သမ္မတ	၄-၂-၂၀၁၁
		H.E. Mr. Xi Jinping Vice-President	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၄-၂-၂၀၁၁
		H.E. Mr. Xi Jinping Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၄-၂-၂၀၁၁
		မစ္စတာပိုင်းအန်းဖေ တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ကော်မတီ အတွင်းရေးမှူး	ဦးသိန်းစိန် သမ္မတ	၅-၂-၂၀၁၁
		မစ္စတာချင်ကွမ်းရုံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး	ဦးသိန်းစိန် သမ္မတ	၅-၂-၂၀၁၁
		Mr. Guo Shengkun ကွမ်ရှီကျွမ်းပြည်နယ်၊ ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး	ဦးသိန်းစိန် သမ္မတ	၁၆-၂-၂၀၁၁
		Mr. Guo Shengkun ကွမ်ရှီကျွမ်းပြည်နယ်၊ ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး	သီဟသူရ ဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၁၆-၂-၂၀၁၁
၂။	ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံ	H.E. Mr. Kim Yong Nam President of the Presidium of the Supreme People's Assembly	ဦးသိန်းစိန် သမ္မတ	၅-၂-၂၀၁၁
၃။	ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ	H.E. Mr. Nyuyen Minh Triet President	ဦးသိန်းစိန် သမ္မတ	၄-၂-၂၀၁၁
		H.E. Mr. Nguyen Tan Dung Prime Minister	ဦးသိန်းစိန် သမ္မတ	၄-၂-၂၀၁၁
		H.E. Mrs. Nguyen Thi Doan Vice-President	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၄-၂-၂၀၁၁
		H.E. Mrs. Nguyen Thi Doan Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၄-၂-၂၀၁၁
		H.E. Mr. Nguyen Phu Trong General Secretary Central Committee of the Communist Party of Vietnam	ဦးသိန်းစိန် သမ္မတ	၃-၃-၂၀၁၁
၄။	ရုရှားဖက်ဒရေးရှင်း နိုင်ငံ	H.E. Mr. Dmitry Medvedev President	ဦးသိန်းစိန် သမ္မတ	၄-၂-၂၀၁၁
၅။	စင်ကာပူ သမ္မတနိုင်ငံ	H.E. S.R. Natham President	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
		H.E. Mr. Lee Hsien Loong Prime Minister	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
		H.E. Mr. Wong Kan Seng Deputy Prime Minister and Coordinating Minister for National Security	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၇-၂-၂၀၁၁
		H.E. Mr. Wong Kan Seng Deputy Prime Minister and Coordinating Minister for National Security	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၇-၂-၂၀၁၁
		H.E. Mr. George Yeo Minister for Foreign Affairs	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
		H.E. Mr. Teo Chee Hean Deputy Prime Minister and Minister for Defence	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၉-၂-၂၀၁၁
		H.E. Mr. Teo Chee Hean Deputy Prime Minister and Minister for Defence	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၉-၂-၂၀၁၁
၆။	ဂျပန်နိုင်ငံ	H.E. Mr. Naoto Kan Prime Minister	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
၇။	ကမ္ဘောဒီးယား နိုင်ငံ	H.E. Samdech Akka Maha Sena Padei Techo Hun Sen Prime Minister	ဦးသိန်းစိန် သမ္မတ	၉-၂-၂၀၁၁
၈။	အိန္ဒိယသမ္မတ နိုင်ငံ	H.E. Mrs. Pratibha Devisingh Patil President	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
		H.E. Mr. M. Hamid Ansari Vice-President	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၇-၂-၂၀၁၁
		H.E. Mr. M. Hamid Ansari Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၇-၂-၂၀၁၁
၉။	ဘရူနိုင်း ဒါရုဆလမ် နိုင်ငံ	His Majesty Sultan Haji Hassanal Bolkiah of Brunei	ဦးသိန်းစိန် သမ္မတ	၈-၂-၂၀၁၁
၁၀။	အာဆီယံပါလီမန် အမတ်များ ညီလာခံ ASEAN Inter- Parliamentary Assembly-AIPA	H.E. Mr. Antonio V.Cuenco Secretary-General	ဦးသိန်းစိန် သမ္မတ	၉-၂-၂၀၁၁
၁၁။	ကုလသမဂ္ဂ	မစ္စတာဘန်ကီမွန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်	ဦးသိန်းစိန် သမ္မတ	၈-၂-၂၀၁၁
		ဒေါက်တာနိုလင်းဟေဇာ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အာရှ နှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် အမှုဆောင် အတွင်းရေးမှူး	ဦးသိန်းစိန် သမ္မတ	၈-၂-၂၀၁၁
၁၂။	နီပေါနိုင်ငံ	H.E. Dr. Ram Baran Yadav President	ဦးသိန်းစိန် သမ္မတ	၁၁-၂-၂၀၁၁
		H.E. Mr. Parmanand Jha Vice-President	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၁၁-၂-၂၀၁၁
		H.E. Mr. Parmanand Jha Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၁၁-၂-၂၀၁၁
၁၃။	လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ	H.E. Mr. Choummaly Sayasone President	ဦးသိန်းစိန် သမ္မတ	၅-၂-၂၀၁၁
		H.E. Mr. Thongsing Thammavong Prime Minister	ဦးသိန်းစိန် သမ္မတ	၅-၂-၂၀၁၁
		H.E. Mr.Bounnhang Vorachith Vice-President	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၅-၂-၂၀၁၁
		H.E. Mr.Bounnhang Vorachith Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၅-၂-၂၀၁၁
၁၄။	ကျူးဘား သမ္မတနိုင်ငံ	H.E. Mr. Raul Castro Ruz President of the Councils of State and of Ministers	ဦးသိန်းစိန် သမ္မတ	၉-၂-၂၀၁၁
၁၅။	ထိုင်းနိုင်ငံ	H.E. Mr. Kasit Piromya Minister of Foreign Affairs	ဦးသိန်းစိန် သမ္မတ	၁၀-၂-၂၀၁၁
		H.E. Mr. Abhisit Vejjajiva Prime Minister	ဦးသိန်းစိန် သမ္မတ	၂၀-၂-၂၀၁၁
		His Majesty King Bhumibol Adulyadej of the Kingdom of Thailand	ဦးသိန်းစိန် သမ္မတ	၂၈-၂-၂၀၁၁
		H.E. Mr. Suthep Thaugsuban Deputy Prime Minister	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	၂၈-၂-၂၀၁၁
		H.E. Mr. Suthep Thaugsuban Deputy Prime Minister	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၂၈-၂-၂၀၁၁
၁၆။	မလေးရှားနိုင်ငံ	H.E. Dato' Sri Mohd. Najib Tun Razak Prime Minister	ဦးသိန်းစိန် သမ္မတ	၁၀-၂-၂၀၁၁
၁၇။	ကိုရီးယား သမ္မတနိုင်ငံ	H.E. Mr. Lee Myung-bak President	ဦးသိန်းစိန် သမ္မတ	၉-၂-၂၀၁၁

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

စဉ်	နိုင်ငံ	ပေးပို့သူ	ရွေးချယ်တင်မြှောက်ခံရသူ	ပေးပို့သည့်နေ့
၁၈။	ပါလက်စတိုင်း	H.E. Mr. Mahmoud Abbas Chairman of the Executive Committee of the PLO, Chairman of the Palestine National Authority	ဦးသိန်းစိန် သမ္မတ	၉-၂-၂၀၁၁
၁၉။	အင်ဒိုနီးရှား နိုင်ငံ	H.E. Dr. H. Susilo Bambang Yudhoyono, President	ဦးသိန်းစိန် သမ္မတ	၂၈-၂-၂၀၁၁
		H.E. Prof. Dr. Boediono, M. Ec, Vice-President	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၂၈-၂-၂၀၁၁
၂၀။	ဘယ်လာရုစ် နိုင်ငံ	H.E. Mr. A.G. Lukashenko President of the Republic of Belarus	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
၂၁။	သီရိလင်္ကာ နိုင်ငံ	H.E. Mr. Mahinda Rajapaksa President	ဦးသိန်းစိန် သမ္မတ	၇-၂-၂၀၁၁
၂၂။	ဆော်ဒီ အာရေဗျနိုင်ငံ	HRH Prince Alwaleed Bin Talal Bin Abdulaziz Alsaud Chairman of the Kingdom Holding Company of the Kingdom of Saudi Arabia	ဦးသိန်းစိန် သမ္မတ	၂၂-၂-၂၀၁၁
၂၃။	အီရန်နိုင်ငံ	H.E. Mr. Mahmoud Ahmadinejad President of the Islamic Republic of Iran	ဦးသိန်းစိန် သမ္မတ	၉-၃-၂၀၁၁
		H.E. Mr. Mohammad Reza Rahimi First Vice-President of the Islamic Republic of Iran	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	၃-၃-၂၀၁၁

အဆိုပါ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများအား မှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ၄င်းသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

စွမ်းအင်ကဏ္ဍတွင် နမ့်အော်ချောင်း၌ (၂၅၀) KW (၂) လုံးတပ်ဆင်သည့် ရေအားလျှပ်စစ် လုပ်ငန်း(၁)ခု၊ ပန်ဝိုင်၊ မိုင်းမော၊ ပန်လုံ၊ ဝင်းကင်နှင့် ပန်ဆန်းတို့၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ ဝလင်းနှင့် ပန့်ဖိန်းတို့၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၅)ရုံတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် နမ့်တစ်၊ မိုင်းမော၊ ပန်ဆန်း၊ ပန်ဝိုင်နှင့် ဝိန်းကောင်တို့၌ စာတိုက်(၅)ခု၊ ကြေးနန်းရုံး (၄)ခုနှင့် တယ်လီဖုန်းလုပ်ငန်း (၁၉)ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့်အတွက် နယ်စပ်ဒေသမှ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသူ တိုင်းရင်းသားလူငယ်များအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ တင်ပြလိုပါကြောင်း၊ နယ်စပ်ဒေသအသီးသီးတွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ ပထမအဆင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ဒေသအစားအစာဖူလုံရေး၊ ထိုမှတစ်ဆင့် ဝတ်ရေး၊ နေရေး အဆင်ပြေစေရန်အတွက် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်၊ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်းများ နည်းပါးပြီး ဆင်းရဲချို့တဲ့သော နယ်စပ်ဒေသကလေးသူငယ်များအတွက် စရိတ်ငြိမ်း ပညာသင်ယူနိုင်ရန် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း စုစုပေါင်း (၂၉)ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင်လည်း အဆိုပါသင်တန်းကျောင်း (၇)ကျောင်းနှင့် စက်မှုလက်မှု ပညာသင်တန်းကျောင်း (၃)ကျောင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ လူငယ်သင်တန်းကျောင်းများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လားရှိုးမြို့၊ ကွမ်းလုံမြို့၊ တန့်ယန်းမြို့နှင့် လောက်ကိုင်မြို့တို့၌ (၄)ကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပင်လုံမြို့၌ (၁)ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများ အနေဖြင့် "ဝ"ဒေသရှိ ပန်ဆန်းမြို့၊ ကိုးကန့်ဒေသရှိ လောက်ကိုင်မြို့၊ အထူးဒေသ(၄)ရှိ မိုင်းလားမြို့တို့၌ ကျောင်း (၃)ကျောင်းဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

"ဝ"ဒေသမှ ကျောင်းသား၊ ကျောင်းသူများကို ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများတွင် အဆောင်နေအဖြစ်လက်ခံပြီး အထက်တန်းကျောင်းများ၌ ပညာသင်ကြားပေးလျက်ရှိပါကြောင်း။

"ဝ"ဒေသအတွင်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၆ ခုနှစ်မှ ယနေ့အထိ သင်တန်းကျောင်း (၇)ကျောင်းမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၆၃၀၀)ဦး တက်ရောက်ပညာသင်ကြားခဲ့ပြီး ဒသမတန်းအောင်မြင်သည့် ကျောင်းသား (၅၅)ဦးနှင့် ကျောင်းသူ (၂၆)ဦး၊ စုစုပေါင်း (၈၁) ဦး ရှိပါကြောင်း၊ ၄င်းတို့အနက် ဒသမတန်းအောင်မြင်သည့် ကျောင်းသား (၅၅)ဦးတို့မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့်မန္တလေး)တို့မှ ဘွဲ့ဒီဂရီရရှိပြီး ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ဒသမတန်းအောင်မြင်သည့် ကျောင်းသူများအနက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်သို့ (၉)ဦး၊ သူနာပြုသင်တန်းသို့ (၅)ဦး၊ သားဖွားသင်တန်းသို့ (၄)ဦး၊ ပညာရေးကောလိပ်သို့ (၈)ဦး တက်ရောက်နိုင်ခဲ့ပြီး သင်တန်းဆင်း ကျောင်းသူများမှာ နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိပါကြောင်း။

ထို့အပြင် "ဝ"ဒေသတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှု၊ လက်မှုပညာသင်တန်းကျောင်း (၃)ကျောင်းကို ၂၀၀၆ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းသားလူငယ်များကို လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ လျှပ်စစ်ဂဟေသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအချိန်ထိ သင်တန်းသား (၆၂၆)ဦးအား လေ့ကျင့်ပညာသင်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသဖြင့် ဆင်းရဲနွမ်းပါးပြီး ဝင်ငွေမရှိသည့် တိုင်းရင်းသူအမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရရှိစေရန်အတွက် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၃၉)ကျောင်းကို နယ်စပ်ဒေသအသီးသီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဖွံ့ဖြိုးမှုနှေးကွေးသည့် ဒေသများ၌ ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(၆)ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး "ဝ" ဒေသမှ တိုင်းရင်းသူများအား အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း အတတ်ပညာများ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ယင်းပညာသင် ကျောင်းများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်မြို့၊ လားရှိုးမြို့နှင့် လောက်ကိုင်မြို့တို့၌ သင်တန်းကျောင်း (၃)ကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့နှင့် တာချီလိတ်မြို့တို့၌ သင်တန်းကျောင်း (၃)ကျောင်းတို့ဖြစ်ပါကြောင်း၊ သင်ကြားပေးသည့် သင်တန်းများမှာ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက်ကန်းသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီသင်တန်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်း၊ ရွှေချည်ထိုးသင်တန်း၊ ဟင်းလျာချက်ပြုတ်နည်းသင်တန်းများ ဖြစ်ပါကြောင်း။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ ခုနှစ်မှ ယနေ့အထိ ယင်းသင်တန်းကျောင်းများမှ သင်တန်းတက်ရောက်အောင်မြင်ခဲ့သူ စုစုပေါင်း (၃၈၅၀၀)ဦးရှိခဲ့ပြီး သင်ကြားပို့ချပေးခဲ့သော ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (၅၃၉၅) ဦး ရှိပါကြောင်း၊ ရှမ်းပြည်နယ် "ဝ"ဒေသနှင့် ဆက်စပ်လျက်ရှိသောဒေသများတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၆)ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူ (၈၉၆၇)ဦး တက်ရောက်အောင်မြင်ခဲ့ကာ အသက်မွေးဝမ်းကျောင်းပြုသူ (၂၀၈၃)ဦးရှိပါကြောင်း။

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ဝ"ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ယခုဖြေကြားချက်များကို လေ့လာခြင်းဖြင့် နိုင်ငံတော်က မည်မျှအထိ အလေးအနက်ဆောင်ရွက်ခဲ့သည်ကို ထင်ရှားစွာ သိရှိနိုင်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဒေသ ကော်မတီနှင့် မြို့နယ်အဆင့်အထိ မြို့နယ်အဆင့်လုပ်ငန်းကော်မတီများဖွဲ့စည်းထားပြီးဖြစ်၍ ဆင့်ကဲဆင့်ကဲ တင်ပြချက်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာ

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော် နာယက က ဖတ်ကြားတင်ပြသည်။

အဆိုပါ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် **"ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို နာယကဦးဆောင်၍ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၊ ပြည်ထောင်စုအဆင့်ဖွဲ့စည်းမှုများ အောင်မြင်ချောမောစွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခဲ့ခြင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းရပ်များကို အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အလားတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်တွင် အမြဲတမ်းကော်မတီများကို ညီညွတ်စွာဖွဲ့စည်းနိုင်ခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတွင်လည်း အာဏာသုံးရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ရေးရာကော်မတီများ အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ခြင်းတို့ဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ပြီဖြစ်သည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်"** ဟူ၍ ဖော်ပြပါရှိသည်။

ယင်းသဝဏ်လွှာအား မှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ယင်းဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြ မေးခွန်းများဖြစ်သော မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **"တောင်သူများစိုက်ပျိုးသည့် သီးနှံများအတွက် ပိုးသတ်ဆေးသုံးစွဲမှု"** နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ရှာင်မဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအတွက် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **"မယ်စဲ့မြို့နယ်တွင် နိုင်ငံတော်မှ တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပေးရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျားမောင်၏ **"မြိတ်ခရိုင် မော်တောင်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **"ဟိုပန်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် **"'ဝ' ဒေသဖွံ့ဖြိုးတိုးတက်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့က ပြန်လည်ဖြေကြားကြသည်။

ကြယ်ပွင့်ပြ မေးခွန်းများအနက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးညွန့်လှိုင်၏ **"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးသော စိုက်ပျိုးရေးစရိတ်"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းရန်ဖြစ်သော်လည်း ကာယကံရှင်ကိုယ်တိုင်က ၄င်းမေးခွန်းသည် ၂၂-၃-၂၀၁၁ ရက်နေ့က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် မေးမြန်းခဲ့သည့် မေးခွန်းနှင့် တစ်သဘောတည်းဖြစ်ပြီး ၎င်းအကြောင်းအရာများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြည့်စုံစွာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါသဖြင့် မိမိ၏မေးခွန်းအား ဆက်လက်၍ မေးမြန်းခြင်း မပြုလိုတော့ပါကြောင်းတင်ပြပြီး မေးခွန်းကို ပြန်လည်ရုပ်သိမ်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်နိုင်ရေးအတွက် ဆန္ဒရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ၄င်းသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်နိုင်ရေးအတွက် ဆန္ဒရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ယင်းဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

၄င်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **"လွှတ်တော်ကြီးသုံးရပ်ပေါ်ထွန်းလာသည်နှင့်အတူ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခံရသည့် ပြည်ထောင်စုလွှတ်တော် နာယက၊ ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ဥပဒေပြုရေးလုပ်ငန်းရပ်အတွက် ဦးဆောင်လမ်းညွှန်ကာ တာဝန်ထမ်းဆောင်နေကြသည်ကို အထူးပင်ဝမ်းမြောက်ကြောင်း"** အဆို၊ **"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို တညီတညွတ်တည်း ဆန္ဒပြုရွေးချယ်တင်မြှောက်ခဲ့ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူပြည်သားအပေါင်းအား စောင့်ရှောက်သွားမည်ကို အထူးပင်ဝမ်းသာကြောင်း"** အဆိုနှင့် **"ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို အထူးပင်ဝမ်းသာကြောင်း"** အဆိုများကို တင်သွင်းရာ မှတ်တမ်းတင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းသည့် အဆိုသုံးရပ်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ၄င်းအဆိုများအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဟသ်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးက **"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၏ စွမ်းဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း"** အဆိုကို တင်သွင်းရာ မှတ်တမ်းတင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။ ဦးဌေးဦးတင်သွင်းသည့် အဆိုအပေါ် လွှတ်တော်က သဘောတူသည့်အတွက် ၄င်းအဆိုအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေကြမ်း ပူးပေါင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုရယူသည်။ လွှတ်တော်ကသဘောတူသည့်အတွက် ဥပဒေကြမ်း ပူးပေါင်းကော်မတီကိုဖွဲ့စည်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ဖွဲ့စည်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုရယူသည်။ လွှတ်တော်ကသဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို မတ်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၏ စွမ်းဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်

နေပြည်တော် မတ် ၂၉

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဟသ်ာတမဲဆန္ဒနယ်မှဦးဌေးဦးက ''နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၏ စွမ်းဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း'' အဆိုကို တင်သွင်းသည်။

တည်ဆောက်နေ

ယင်းအဆိုတွင် လက်ရှိကာလသည် ပြည်သူများ၏ ဆန္ဒအတိုင်း အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နေသည့် ကာလဖြစ်ပါကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃)ပါးစလုံး ဆက်စပ် အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်ကြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပျက်ခဲ့သည့် အတိတ်ကာလ၏ ကောင်းမွေ၊ ဆိုးမွေများကို ပစ်ပယ်၍မရဘဲ အနာဂတ်ကာလ၌ ကောင်းမွန်သော ရလဒ်ကောင်းများ ရရှိစေရန် လက်ရှိပစ္စုပ္ပန်ကာလတွင် လက်တွေ့ဆက်စပ် ကြိုးပမ်း အကောင်အထည်ဖော်ကြရခြင်းဖြစ်ပါကြောင်း။

ဤသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏လမ်းညွှန်မှုဖြင့် တပ်မတော်အစိုးရ အနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာ၌ အခြေခံလိုအပ်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းမှုရှိရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စတင်တာဝန်ယူသည့်အချိန်ကစပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အပြင် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေး အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန်အတွက် တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်သည့် အမျိုးသားညီလာခံကြီးကိုလည်း အဟန့်အတား အနှောင့်အယှက်များကြားမှ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

လမ်းညွှန်စီမံ

အမျိုးသားညီလာခံကြီးက ချမှတ်ပေးသည့် အခြေခံရမည့်မူ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လမ်းညွှန်စီမံပေးခဲ့ပါကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ အရေးပါသော အဆင့်တစ်ဆင့်ဖြစ်သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကိုလည်း အေးချမ်းတည်ငြိမ်စွာနှင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကျင်းပနိုင်ခဲ့

ပြည်သူများက ယုံကြည်ရွေးချယ် တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များ စုံညီစွာပါဝင်သည့် လွှတ်တော်အသီးသီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

လွှတ်တော်အသီးသီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် သမ္မတ၊ ဒုတိယသမ္မတများကို အတည်ပြုရွေးချယ်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အကောင်အထည်ဖော်ပေးနိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများကြောင့် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မည်သည့်ခေတ်မည်သည့်အခါကမျှ မရခဲ့သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုရရှိခဲ့ပြီး ၎င်းအခြေခံကောင်းများကို အခြေပြုလျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန်အတွက် ပြည်သူများကိုယ်တိုင် ရွေးချယ်သော အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ ခေတ်သစ် စနစ်သစ်ကို အေးချမ်းတည်ငြိမ်စွာ အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လက်တွေ့အကောင်အထည်ဖော်ပေးခဲ့သည့် တပ်မတော်အစိုးရတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့ဝင်တို့၏ စွမ်းဆောင်မှုများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံးကလည်း နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ကျရာကဏ္ဍမှ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြမည်ဟု ကတိပြုပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြု မှတ်တမ်းတင်နိုင်ပါရန် အဆိုပြုတင်ပြသည်။

ယင်းအဆိုကို မှတ်တမ်းတင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ၎င်းအဆိုအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်း

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ငွေစာရင်း ကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ယနေ့ဖွဲ့စည်းသည်။

ယင်းသို့ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ (၇)ဦး၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ (၇)ဦး ပါဝင်စေလျက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၉၆(ခ)အရ ဒုတိယနာယက ဦးမြညိမ်းအားဆောင်ရွက်စေပြီး အတွင်းရေးမှူးအဖြစ် အဖွဲ့ဝင် ဦးအောင်ထွန်းအား တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ဖွဲ့စည်းရန် လွှတ်တော်၏ ဆန္ဒကိုရယူရာ ပြည်ထောင်စုလွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည် -

(၁)	ဦးမြညိမ်း	ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက(ဥက္ကဋ္ဌ)
(၂)	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) (အတွင်းရေးမှူး)
(၃)	ဦးသူရိန်ဇော်	ကော့ကရိတ်မဲဆန္ဒနယ်
(၄)	ဦးမောင်တိုး	မင်းလှမဲဆန္ဒနယ်
(၅)	ဦးစိုင်းသီဟကျော်	မင်းလှမဲဆန္ဒနယ်
(၆)	ဦးမန်းမောင်မောင်ဉာဏ်	ပန်းတနော်မဲဆန္ဒနယ်
(၇)	ဦးကြည်သာ	ဝမဲဆန္ဒနယ်
(၈)	ဒေါ်မိယဉ်ချမ်း	ကျိုက်မရောမဲဆန္ဒနယ်
(၉)	ဦးမိုးဇော်ဟိန်း	ကသာမဲဆန္ဒနယ်
(၁၀)	ဦးခင်မောင်အေး	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)
(၁၁)	ဦးဘရန်ရှောင်	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၁၂)	ဦးဆားရယ်	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၁၃)	ဒေါ်ရီရီမြင့်	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၁၄)	ဦးသိန်းဝင်း	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)
(၁၅)	ဦးရှုမောင်	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ယနေ့ ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းသို့ ဖွဲ့စည်းနိုင်ရေးအတွက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၁၅)ဦး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

တင်ပြသည့်အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည် -

(၁)	ဦးမောင်ဦး	တပ်ကုန်းမဲဆန္ဒနယ်(ဥက္ကဋ္ဌ)
(၂)	ဦးစံပြည့်	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) (အတွင်းရေးမှူး)
(၃)	ဦးသန်းနွယ်	ဘုတလင်မဲဆန္ဒနယ်
(၄)	ဒေါက်တာစိုးသူရ	ကျုံပျော်မဲဆန္ဒနယ်
(၅)	ဦးကြင်သိန်း	ပဲခူးမဲဆန္ဒနယ်
(၆)	ဦးကိုကိုထွန်း	အောင်လံမဲဆန္ဒနယ်
(၇)	ဦးထွန်းမြင့်ဦး	မိုင်းပန်မဲဆန္ဒနယ်
(၈)	ဦးအောင်ကျော်ဇံ	ပေါက်တောမဲဆန္ဒနယ်
(၉)	ဦးမောင်လှ (ခ) ဦးလှမြင့်	ပုလောမဲဆန္ဒနယ်
(၁၀)	ဦးအေးမြင့်	အင်းစိန်မဲဆန္ဒနယ်
(၁၁)	ဦးပီမောင်စိုး	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၁၂)	ဦးစောတော်ပလဲ	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(၁၃)	ဦးပေါလ်ထန်ထိုင်း	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၁၄)	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(၁၅)	ဒေါက်တာစိုးဝင်း	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၁၆)	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(၁၇)	ဦးစိုင်းကျော်ဇောသန်း	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်း

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ယနေ့ဖွဲ့စည်းသည်။

ယင်းသို့ဖွဲ့စည်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ(၇)ဦး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ (၇)ဦး ပါဝင်စေလျက် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၉၆၊ နည်းဥပဒေခွဲ (ခ)အရ ဒုတိယနာယက ဦးမြညိမ်းအား ဆောင်ရွက်စေပြီး အတွင်းရေးမှူးအဖြစ် အဖွဲ့ဝင် ဦးတီခွန်မြတ်အား တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ဥပဒေမူကြမ်းပူးပေါင်းကော်မတီကိုဖွဲ့စည်းရန် လွှတ်တော်၏ဆန္ဒကိုရယူရာ ပြည်ထောင်စုလွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းပူးပေါင်း ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည် -

(၁)	ဦးမြညိမ်း	ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက(ဥက္ကဋ္ဌ)
(၂)	ဦးတီခွန်မြတ်	ကွတ်ခိုင်မဲဆန္ဒနယ်(အတွင်းရေးမှူး)
(၃)	ဒေါ်နန်းဝါနု	ကွန်ဟိန်းမဲဆန္ဒနယ်
(၄)	ဦးသောင်း	မော်လိုက်မဲဆန္ဒနယ်
(၅)	ဒေါ်ဒွဲဘူ	အင်ဂျန်းယန်မဲဆန္ဒနယ်
(၆)	ဦးစောလှထွန်း	ချောင်းဦးမဲဆန္ဒနယ်
(၇)	ဦးစတီဖန်	ကျိုင်းတုံမဲဆန္ဒနယ်
(၈)	ဦးသိန်းထွန်းဦး	အမရပူရမဲဆန္ဒနယ်
(၉)	ဒေါ်နန်းနီနီအေး	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၁၀)	ဦးဆွန်ဒုတ်ကျင့်	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)
(၁၁)	ဦးသန်းမြင့်	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)
(၁၂)	ဦးဇော်မြင့်ဖေ	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၃)	ဒေါက်တာမြတ်ဉာဏစိုး	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)
(၁၄)	ဦးတင်ယု	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(၁၅)	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီးဦးအုန်းမြင့် တကောင်းတောင် နီကယ်သတ္တုတွင်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် မတ် ၂၉

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာစီအင်အမ်စီနီကယ် ကုမ္ပဏီလီမိတက် (Myanmar CNMC Nickel Co.,Ltd.) တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် တကောင်းတောင် နီကယ်သတ္တုတွင်းမှ ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း၏ တကောင်းတောင် နီကယ်သတ္တုတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့နယ်ခွဲ တကောင်းတောင် နီကယ်သတ္တုတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရဲအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတ္တုဗေဒဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး မစ္စတာ ဝူကျင့်ရှောင်၊ စီအင်အမ်စီဥက္ကဋ္ဌ မစ္စတာ လူတောင်း၊ Taiyuan iron and Steel (Group) Co.,Ltd. ဒုတိယဥက္ကဋ္ဌ ယမ်ဟိုင်ကွေ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးက ရှင်းလင်းပြောကြားရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNICO ကုမ္ပဏီက ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး ခေတ်မီ စက်မှုနည်းပညာရပ်များဖြင့် တကောင်းတောင်နီကယ်စက်ရုံကြီး လည်ပတ်တော့မည် ဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူး ခံစားရတော့မည်ဖြစ်ကြောင်း၊ တကောင်းတောင်နီကယ် စမ်းသပ်တိုင်းတာရေးနှင့်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းကို (၅-၇-၂၀၀၄)ရက်က ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး လွန်တွင်းပေါင်း(၁၃၅)တွင်းနှင့် အစမ်းကျင်း(၁၈၄)ကျင်း တူးဖော်စမ်းသပ်ခဲ့ရာ ပျမ်းမျှနီကယ်(၂ ရာခိုင်နှုန်း) ပါဝင်သော နီကယ်သတ္တုသိုက်ပမာဏတန်ချိန် (၃၄ ဒသမ ၁၄) သန်း တိုင်းတာတွက်ချက်ရရှိခဲ့ကြောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် တကောင်းတောင်နီကယ်သတ္တုသိုက် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်ကို (၂၈-၇-၂၀၀၈) ရက်က ခွင့်ပြုမိန့် ထုတ်ပေးပြီး တကောင်းတောင်နီကယ်သတ္တုတွင်းမှ တစ်နှစ်လျှင် နီကယ်သတ္တုရိုင်းတန်ချိန် (၁ ဒသမ ၉၇) သန်းထုတ်လုပ်မည်ဖြစ်ပြီး ဖယ်ရိုနီကယ် ကျိုချက်စက်ရုံမှ တစ်နှစ်လျှင် (၈၄ ဒသမ ၄၉၅)တန် ထုတ်လုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Group Co.,Ltd. ဥက္ကဋ္ဌ မစ္စတာလူတောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ၊ ဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတ္တုဗေဒဝန်ကြီးဌာန အငြိမ်းစားဝန်ကြီး မစ္စတာ ဝူကျင့်ရှောင်နှင့် မြန်မာစီအင်အမ်စီ နီကယ်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ မစ္စတာလူတောင်းတို့က တကောင်းတောင် နီကယ်သတ္တုတွင်းမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တကောင်းတောင် နီကယ်သတ္တုတွင်း စတင်တူးဖော် ဆောင်ရွက်ခြင်းလုပ်ငန်း၊ သတ္တုရိုင်းကြိတ်ခွဲစက်ရုံ၊ ကွန်ဗေယာလိုင်း၊ ဖယ်ရိုနီကယ် ကျိုချက်စက်ရုံ၏ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆိပ်ခံတံတားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၉ရက်က ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နှစ်(၄၀)မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Major General Anup Kumar Chakma, ndc, psc တို့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ကြစဉ်။ (သတင်းစဉ်)

လျှပ်ဒဏ်ခံရသူများအရေးနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ တုံ့ပြန်မှုအပေါ် အကူအညီပေးရေးအဖွဲ့များက ချီးကျူးပြောကြား

ရန်ကုန် မတ် ၂၉

မကြာသေးမီက လူ ၇၀ ကျော် သေဆုံးစေသည့် ငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ မြန်ဆန်စွာ တုံ့ပြန်မှုအပေါ် အကူအညီပေးရေးအဖွဲ့များက တနင်္လာနေ့တွင် ချီးကျူးပြောကြားခဲ့သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များအနီး မြန်မာနိုင်ငံဘက်ခြမ်းတွင် အင်အား ၇ ဒသမ ၀ ပြင်းအားရှိသည့် ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၇၃ ဦး သေဆုံးခဲ့သည့်အပြင် ထိုင်းနိုင်ငံမှ အမျိုးသမီးတစ်ဦးလည်း သေဆုံးခဲ့သည်။

ငလျင်ဒဏ်ခံရမှုနှင့်ပတ်သက်၍ အစိုးရ၏တုံ့ပြန်မှုမှာ အလွန်မြန်ဆန်ပါကြောင်း၊ ၎င်းကို အထူးအလေးထား ချီးကျူးရမှာဖြစ်ကြောင်း ရန်ကုန်အခြေစိုက် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကုလသမဂ္ဂရုံးမှ ဌာနအကြီးအကဲက ပြောကြားခဲ့သည်။

ပြောကြား

မြန်မာအစိုးရအနေဖြင့် ဂီရိမုန်တိုင်းဒဏ်ခံရတုန်းကလည်း အကူအညီအများအပြားပေးအပ်ခဲ့ပြီး အသက်ပေါင်းများစွာ ကယ်တင်ခဲ့ကြောင်း ၂၀၁၀ ခုနှစ် အောက်တိုဘာလက လူ ၄၀ ကျော် သေဆုံးစေခဲ့သည့် နိုင်ငံအနောက်ဘက်ခြမ်းက မုန်တိုင်းတိုက်ခတ်မှုကို ရည်ညွှန်းပြီး ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ငလျင်ဒဏ်ခံရသည့် ရှမ်းပြည်နယ် ကျေးလက်ဒေသများတွင် အကူအညီပေးရေး လုပ်ငန်းဆောင်ရွက်နေသည့် World Vision မှ ခရစ်ဟဲရင့်ခ်ကလည်း မြန်မာအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုမှာ လက်မနှေးဘဲ မြန်ဆန်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အကူအညီပေးရေးအဖွဲ့များသည် တပ်မတော်သားများနှင့်အတူ ငလျင်ဒဏ်ခံရသည့် ဒေသများရှိလူများအား အကူအညီပေး လုပ်ဆောင်နေကြသည်ဟု မြန်မာအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **(အမ်အင်န်အေ/အေအက်ဖ်ပီ/စီအင်န်အေ)**

မိုးရွာသွန်းမှုများ

၂၉-၃-၂၀၁၁

နေပြည်တော်(ရေဆင်း)
၁ ဒသမ ၉၇ လက်မ
နေပြည်တော်(လယ်ဝေး)
၀ ဒသမ ၈၂ လက်မ
နေပြည်တော်(လေဆိပ်)
၀ ဒသမ ၅၉ လက်မ
နေပြည်တော်(ပျဉ်းမနား)
၀ ဒသမ ၅၉ လက်မ
ကော့သောင်းမြို့
၂ ဒသမ ၂၁ လက်မ
ရွှေဘိုမြို့
၁ ဒသမ ၇၇ လက်မ
မိုးကုတ်မြို့
၁ ဒသမ ၁၈ လက်မ
ပြင်ဦးလွင်မြို့
၁ ဒသမ ၁၅ လက်မ
နောင်ချိုမြို့
၀ ဒသမ ၈၃ လက်မ

Sailun အမှတ်တံဆိပ် မော်တော်ကားသုံးတာယာများ ပြပွဲ၌ ပါဝင်ပြသ

နေပြည်တော် မတ် ၂၉

MGB Business Group က ကြီးမှူး၍ မတ် ၂၈ ရက်မှ ၃၁ရက်အထိ မန္တလေးမြို့တော်ခန်းမ(၁)၌ ကျင်းပလျက်ရှိသည့် Life Styles, Motor & Industrial Show -2011 ပြပွဲတွင် စမ်းငွေရောင်ကုမ္ပဏီလီမိတက်မှ Sailun အမှတ်တံဆိပ် မော်တော်ကားသုံးတာယာများ၊ Torch အမှတ်တံဆိပ် ယန္တရားသုံးတာယာများ၊ CZM အမှတ်တံဆိပ် ကားအောက်ပိုင်းသုံး ပစ္စည်းများကို ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် Sailun အမှတ်တံဆိပ် S-911, S-917, S-737, S-636, S-711, S-811အမျိုးအစားတာယာတို့ကို ပြသထားသည်။

Sailun မှ 11.00 (R) 20, 10.00 (R) 20, 9.00 (R) 20, 8.25 (R) 20, 8.25 (R) 16, 7.50 (R) 16, 7.00 (R) 16, Size များအပြင် Radial Tyre အမျိုးမျိုးနှင့် ထပ်မံတင်သွင်းလာမည့် Tubeless တာယာများကို ပြသလျက်ရှိသည်။

ဈေးကွက်တွင် လူကြိုက်များနေသည့် CZM အမှတ်တံဆိပ် ကားခွေအမျိုးမျိုးနှင့် Tubeless ခွေ၊ လေးအမျိုးမျိုး၊ ဘီးနပ်အမျိုးမျိုး၊ ယူဘိုးလ်၊ စံတာဘိုးလ်အမျိုးမျိုးနှင့် ကားအောက်ပိုင်းသုံးပစ္စည်းများကိုပါ ပြသထားသည်။ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးလမ်း အမှတ် (၉၄) ဖုန်း- ၆၈၆၂၉၂နှင့် ၆၈၆၂၉၃၊ မန္တလေးရုံး အမှတ်(H2) ဘိုးရာဇာလမ်း စက်မှုဇုန် (၁) ဖုန်း-၀၂-၅၃၄၅၅၊ ၀၂-၅၄၄၀၃၊ မန္တလေးဆိုင်အမှတ် (ဈ-၂၁-၉၀) ယောမင်းကြီးလမ်းနှင့်(၆၅)လမ်းထောင့် စက်မှုဇုန်(၁) မန္တလေးမြို့ ဖုန်း ၀၂-၅၂၁၁၇တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာန (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးကြီးလူအေးတက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိများနှင့် စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စခန်းမှူး ဗိုလ်မှူးကြီးလူအေးအား စစ်ရေးပြမှူးကြီးနှင့် စစ်ရေးပြတပ်ခွဲများက အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးကြီး လူအေးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများ နေ့အပူချိန်လျော့နည်းနိုင်

နေပြည်တော် မတ် ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၃၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ငလျင်ဒဏ်ခံခဲ့ရသော မြန်မာနိုင်ငံအား အာဆီယံ အကူအညီပေးမည်

ဂျကာတာ မတ် ၂၉

မြန်မာနိုင်ငံ၌ ကြာသပတေးနေ့က လှုပ်ခတ်ခဲ့သောငလျင်နှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းနှင့် လိုအပ်သောအကူအညီပေးရန် အဆင်သင့်ရှိပါကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်းတို့ တနင်္လာနေ့ မွန်းလွဲပိုင်းက တွေ့ဆုံရာတွင် ဒေါက်တာဆူရင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

အာဆီယံ၏ လက်ရှိဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခဲ့ပြီး လိုအပ်သော အကူအညီများလည်းပေးရန် ကမ်းလှမ်းခဲ့သည်။

မြန်မာအစိုးရသည် ကယ်ဆယ်ရေးလုပ်ငန်းများ မြန်ဆန်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ငလျင်လှုပ်ပြီး ၂၄ နာရီအတွင်း အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ရွက်ဖျင်တဲများ၊ ဆေးဝါးနှင့် အစားအစာများ၊ စောင်နှင့်အဝတ်အထည်များကို ငလျင်ဒဏ်ခံခဲ့ရသော ပြည်သူများထံ ဖြန့်ဝေနိုင်ခဲ့ကြောင်း ဒေါက်တာဆူရင်က ပြောကြားသည်။

မည်သို့ပင်ဆိုစေ လာမည့်ရက်များ၊ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံမှ လိုအပ်သည့် အကူအညီများကို မိမိတို့ကပေးရန် အဆင်သင့်ရှိပါကြောင်း ဒေါက်တာဆူရင်က ဖြည့်စွက်ပြောကြားခဲ့သည်။

(အမ်အင်န်အေ/ဆင်ဟွာ)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ မတ် ၁၈ရက်က အလှူရှင် ဒေါက်တာသန့်သော်ကောင်းနှင့်ဇနီး (Myanmar Book Aid and Preservation Foundation)က ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ အင်္ဂလိပ်စာအုပ်စာစောင်မျိုးစုံ အုပ်၃၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက အလှူငွေကျပ်တစ်သိန်း၊ Inforithum Maze Co., Ltd. က ငွေကျပ် ၁၈၀၀၀၀တန်ဖိုးရှိ 7 Days နှင့် Internet ဂျာနယ်အစောင် ၉၀၀၀၊ Myanmar Trademark က ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ စီးပွားရေးဂျာနယ် အစောင် ၁၅၀၀၊ ဦးမင်းသူရ (ဘရဏီစာပေ)က ငွေကျပ် ၃၄၀၀၀၀တန်ဖိုးရှိ ဝတ္ထုစာအုပ် ၁၇၀၀၊ S.S.ခင်မောင်အေးက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ် ၃၃၅အုပ်၊ ဒေါ်သန်းသန်း (စပယ်ဦးမိသားစု)က ငွေကျပ်၅၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းမျိုးစုံအုပ် ၁၀၀တို့ကို ပေးပို့လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့ကလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ (ဝဲပုံ)

လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုတအလင်းရောင်စာကြည့်တိုက် မုဒုံ၌ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာ သုတအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးနှင့် ကျုံဖိုက်ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင် ဦးချစ်စိန်က ငွေကျပ်တစ်သောင်း၊ ဦးမင်းတင်ဦးက ငွေကျပ်တစ်သောင်း၊ ဦးစိုးအောင်က ငွေကျပ်တစ်သောင်း၊ ဒေါ်ချစ်က စာအုပ်မျိုးစုံ ၅၀၊ IOM အဖွဲ့က တီဗွီအပေါ်စက် အောက်စက်တစ်စုံနှင့် ဇီရိတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်တန်း၌ဖွင့်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရေကျော်ကျေးရွာအုပ်စု ချောင်းစောက်ကျေးရွာတွင် ဖိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးတို့က သုတ ရသ စာစောင်များနှင့် ကျေးရွာအလှူရှင် ၂၉ဦးတို့က စာကြည့်တိုက်ရန်ပုံငွေကျပ် ၂၄၀၀၀၀ ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းထံ ပေးအပ်လှူဒါန်းကြသည်။

စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ပေ၊ အနံ ၁၄ပေ၊အမြင့် ၁၂ပေ၊ သွပ်မိုး၊ အင်္ဂတေခင်း၊ အုတ်ကာဖြစ်ကြောင်း သိရှိရသည်။

ဖွင့်လှစ်

အလားတူ ဝဲကြီးကျေးရွာအုပ်စု ညောင်ဝိုင်းလေးကျေးရွာ ဝိုင်းစာကြည့်တိုက်အဆောက်အအုံသစ်ကိုလည်း မတ် ၂၄ရက် နံနက် ၈နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း ချောက်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ချောက် မတ် ၂၉

မကွေးခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်သည် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးခင်မောင်စန်း၊ ဒုတိယဦးစီးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂ ရက် ညနေပိုင်းက ချောက်မြို့ အမှတ်(၁၄) ရပ်ကွက် စစ်ကွင်းရပ်သို့ ကွင်းဆင်းကာ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင်ပါဝင်သော နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်နေသည်ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြသည်။ (ယာပုံ)

ချောက်မြို့နယ်တွင် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ကျေးရွာ ၅၁ အုပ်စုနှင့် မြို့ပေါ် (၁၁)ရပ်ကွက်တို့တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ခွင်ပေါင်း ၂၅၇၂ ခု၌ ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကောက်ယူခဲ့ပြီး မတ် ၃၁ ရက်တွင် အပြီးကောက်ယူနိုင်ရန် စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အမြို့မြို့ အနယ်နယ်၌ လမ်းသစ်များဖွင့်

လှိုင်လင်မြို့နယ်၌ အရှည် ၂၇၃၆ ပေ၊ အကျယ် ၁၀ပေရှိ ဇီဇဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ်၌ အရှည် ပေ ၃၂၀၀၊ အကျယ် ၁၀ ပေရှိ ညောင်ဝိုင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၁ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် မေဃဝတီကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းကျော်ဌေးနှင့် အမှုဆောင်အရာရှိ ဦးမောင်တင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ်၌ ပလက်ချောင်းဝ-မီးလက်ဝ-လိပ်ကုန်းရွာဆက်မြေသားလမ်းဖွင့်ပွဲကို မတ် ၁၆ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာဘုန်းနှင့် အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဥမြို့နယ်၌ အရှည်ပေ ၄၇၀၊ အကျယ် ၁၂ပေရှိ ယမုန်နာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသန်းစိုးဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီနှစ်ခုတို့အကြား စာချုပ်ချုပ်ဆိုပွဲကျင်းပ

နေပြည်တော် မတ် ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီနှစ်ခုဖြစ်သော Barons Machinery & Engineering Pte.,Ltd ; Alliance Global Technologies Pte.,Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို မတ် ၂၆ ရက် ညနေ ၆ နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီနှစ်ခုတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Alliance Global Technologies Pte.,Ltd. Managing Director ဦးဇော်နိုင်သိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီနှစ်ခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက သပြေဝ-နေပြည်တော်-တောင်ငူ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းများနှင့် ရွှေတောင်-မြောင်းတကာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းအတွက် Optical Fibre Ground Wire, Earth Wire, Fittings နှင့် Accessories များဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြားပစ်နည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်

ရန်ကုန် မတ် ၂၉

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် မြားပစ်နည်းပြနှင့် ဒိုင်လူကြီးသင်တန်း(၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ရက် နံနက် ၁၁ နာရီခွဲက ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)က အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကောလင်းစည်ပင်သာယာ ရေကန်နှင့် ရေစင် တည်ဆောက်

ကောလင်း မတ် ၂၉

ကောလင်းမြို့ ငပွေးကြီးရပ်ကွက် ရေပေးဝေရေးအတွက် အမြင့် ၂၆ ပေရှိ ရေစင်နှင့် ဂါလန်၃၂၀၀ဆံ့ သံရေကန် တည်ဆောက်ပြီးစီးမှုကို မတ် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်လီဌေးက လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မီး သတိပြု

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် မတ် ၂၉

မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၇၂)ကို ဖြန့်ချီလိုက်ရာ လွယ်မွေမြို့အနီးကို ဗဟိုပြု၍ ပြင်းအား(၇)အဆင့်ရှိ ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုသတင်းစုံနှင့် လေပြင်းဒဏ်ခံခဲ့ရသည့် မြန်မာ့ပင်လယ်ပြင်မှ ရေလုပ်သားများအကြောင်း၊ အလွမ်းဆုံး နွေအရိပ်သကြၤန် ရောက်ခဲ့ပြီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ပါဝင်ခဲ့သူမဖြစ်စေရ၊ မော်တော်ယာဉ်များ စတေကာနှင့်ပန်းစည်းလိုက်ကာ တပ်ဆင်မောင်းနှင်ပါက ငွေကျပ်တစ်သိန်း ဒဏ်ရိုက်မည်၊ ဒေါက်တာထွန်းလွင်၏ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ယူရှိ ၁၃သမစသန်းကျော်တန်သော ကျောက်စိမ်းအရိုင်းတုံးကြီးနှစ်တုံးအကြောင်း၊ ပြည်ပမှ ခိုးဝင်ငါးဖမ်းလှေများ ပြတ်သားစွာအရေးယူသင့်ပြီ၊ မြေငလျင်လှုပ်တယ်ဆိုတာ၊ ဗိုလ်အောင်ကျော်လမ်း မီးပွိုင့်တွင် (၃၃)ယာဉ်လိုင်းကားနှင့်တက္ကစီကားတို့ ထိခိုက်မှုဖြစ်ပွား၊ မူဆယ်မြို့တွင် ငွေကျပ်သိန်း ၃၀၀ကျော် လုယက်မှုဖြစ်ပွား၊ အခါမဲ့မိုးရွာသွန်းမှုကြောင့် ကျိုက်ထီးရိုးဘုရားဖူးဦးရေနည်းပါး၊ ကမ္ဘာနှင့်နေအကြား ဗုဒ္ဓဟူးဂြိုဟ် ဖြတ်သန်းမည်စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများပါဝင်ကြောင်း သိရသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ချုံနွယ်ပိတ်ပေါင်းရှင်းလင်း

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို မတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပြည်သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် ဒေသခံပြည်သူတစ်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့နယ် အလုပ် အထက(ခွဲ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ပေါင် မတ် ၂၉

၁၉၅၈-၂၀၁၀ ခုနှစ်အထိ အထက(ခွဲ) အလုပ် ပေါင်မြို့နယ်တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဆရာဦးမောင်မောင်ထွေး ဖုန်း-၀၉-၄၉၂၄၃၀၇၆ (အလုပ်)၊ ဆရာဦးကျော်သန်း ဖုန်း-၀၅၇-၄၇၁၇၅၊ ဆရာဦးဘစိန် ဖုန်း-၀၉-၄၉၈၀၈၀၆၀(ဝဲပတန်)၊ ဆရာဦးဝင်းနိုင် ဖုန်း-၀၉-၄၉၈၀၈၀၄၁(အလုပ်)၊ ဆရာမဒေါ်လှကြည် ဖုန်း-၀၉-၈၀၈၀၂၄(ရန်ကုန်)နှင့် ဦးမင်းစိုးအောင် ဖုန်း-၀၉-၅၁၆၀၉၉၄ (ရန်ကုန်)တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဧပြီ/၂၀၁၁)ကို ဧပြီ ၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဦးသန်းမောင် (စစ်တွေ)က "ကုန်ပစ္စည်းအတုနှင့် ကုန်အမှတ်တံဆိပ်အတုပြဿနာ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် မတ် ၂၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၆၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချီလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံ၏ပထမဦးဆုံး ရေခဲပြင်စကိတ်ရုံကြီး တည်ဆောက်နေ၊ ရန်ကုန်မြို့ လှည်းတန်းမီးပွိုင့်၌ ယာဉ် ၁၀စီးဆင့်တိုက်မှု စံချိန်တင်ဖြစ်ပွား၊ ငွေကျပ် ၅၅သိန်းဖြင့် ဆလွန်းကားသစ်များ ဝယ်စီးနိုင်ပြီ၊ လွယ်မွေငလျင်ကြီး၏ မြင်ကွင်းအပြည့်အစုံ၊ ငါးနှစ်အတွင်းကားဝယ်ခဲ့သူများ ကားတစ်စီးကံစမ်းနိုင်တော့မည်၊ သူတစ်ပါးထိခိုက်မှုအာမခံကြေးငါးဆတိုးပေးမည်၊ အာဆီယံနိုင်ငံများသို့ ဗီဇာတစ်ခုတည်းဖြင့် သွားလာနိုင်ရန် စီစဉ်နေ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် တရုတ်ချိတ်ဆက်မည့် ရထားလမ်းကွန်ရက်စတင်ပြီ၊ အင်ဒိုနီးရှား Garuda လေကြောင်းလိုင်း၏ တစ်ကမ္ဘာလုံး ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၌ မြန်မာက ပထမဆုရရှိ၊ မြန်မာ့ပထမဆုံး အွန်လိုင်းရှော့ပင်း စတင်ဖွင့်လှစ်တော့မည်၊ မလေးရှားပြည်ဝင်ခွင့်ဗီဇာအတွက် မသွားခင် နှစ်ပတ်ကြိုလျှောက်ရမည်၊ ငါးသိန်းတန် GSM ဖုန်းများကို အွန်လိုင်းမှ လျှောက်ထားနိုင်ရန်စီစဉ်၊ စနစ်တစ်ခုလုံး မြန်မာစာဖြင့်ဖော်ပြသော ပထမဆုံး မြန်မာ့မိုဘိုင်းလ်စနစ် CDMA 450 ဖုန်းဈေးကွက်သို့ စတင်ရောက်ရှိ၊ ကမ္ဘာနှင့်အနီးဆုံးသို့ လရောက်ရှိခဲ့သဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးအလုံး ၁၀၀ ခန့် ကမ်းခြေ၌ပေါ်လာ၊ ခြေဖဝါးများကို နောက်ပြန်လှည့်နိုင်သူအား ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့က အသိအမှတ်ပြု၊ တောင်ကိုးရီးယား၌ ရှူကလီးယားညစ်ညမ်းမှုတွေ့ရှိ၊ ဂျပန်မှ ရှူကလီးယား ဓာတ်ပေါင်းဖိုများ၏လတ်တလောအခြေအနေ၊ ပြင်ပကမ္ဘာရှိ ဂြိုဟ်သားများအားလုံးကို တွင်းနက်ကြီးတစ်ခုက စုပ်ယူခဲ့ခြင်းဖြစ် စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချီလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
မြင်းကကုန်းရေနံအစမ်းတွင်း(၁)တွင် လမ်းခင်းရန် ထုံးဘိုလမ်းခင်းကျောက်ကြီးများ ပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၀၁/၂၀၁၀-၂၀၁၁

၁။ ပေးသွင်းရမည့် ပစ္စည်း	- ထုံးဘိုကျောက်ကြီး
၂။ ပေးသွင်းရမည့်အရေအတွက်	- ကျင်း ၁၃၈၀
၃။ ပေးသွင်းရမည့်နေရာ	- ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဆင်ချောင်းကျေးရွာ၊ ရေနံဆိပ်ကမ်းနေရာ
၄။ တင်ဒါပေးသွင်းရမည့်နေရာ	- စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အဆောက်အအုံ အမှတ်(၄၄)၊ နေပြည်တော်။
၅။ တင်ဒါပိတ်မည့်ရက်၊ အချိန်	- ၄-၄-၂၀၁၁ရက်၊ ၁၆း၀၀နာရီ
၆။ တင်ဒါဖွင့်မည့်ရက်၊ အချိန်	- ၅-၄-၂၀၁၁ရက်၊ ၁၀း၀၀နာရီ
၇။ တင်ဒါဖွင့်မည့်နေရာ	- စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အဆောက်အအုံ အမှတ်(၄၄)၊ နေပြည်တော်။

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အဆောက်အအုံအမှတ်(၄၄)၊ နေပြည်တော်တွင် တစ်စုံလျှင် ကျပ်၁၀၀၀နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၂၀၅တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့၊
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

ရွှေကောင်းခံ Travels & Tours

တောင်ကြီး-အင်းလေး-ပင်းတယ ကုံလုံ-ကလော-ထမ့်စမ်းဂူ	Apr 13, 18, 28
မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင် မုံရွာ-အလောင်းတော်ကဿပ	Apr 12, 13, 22
ပုဂံ-ညောင်ဦး-ပုပ္ပား (စွယ်တော်လေးဆူ)	Apr 12, 28
ရွှေစက်တော်	Apr 12, 22, 29

ချောင်းသာ-ငွေဆောင် ခရီးစဉ် (လစဉ်ရှိ စုံစမ်းရန်)
စစ်တွေ-မြောက်ဦး-ကျောက်တော် (Flight)

အမှတ် ၁၂၈(တတိယထပ်)၊ဗညားဒလလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၂၉၉၃၄၃၊ ၀၉-၄၉-၃၂၉၄၄၀၊ ၀၉-၈၆-၃၆၃၃၂၊ ၀၉-၅၁-၉၁၅၄၇။

သင်္ကြန်ရေကစားရန်အတွက် အသင့်သုံးနိုင်ရန် ရေပက်ပိုက်၊ ရေစုပ်ပိုက်၊ ရေပန်း အင်ဂျင်နှင့် ရေကစားပစ္စည်းအစုံရောင်းရန်ရှိသည်။

မန်းရောဝတီ
မီးစက်နှင့် လယ်ယာသုံး စက်အပိုပစ္စည်းအရောင်းဆိုင်
အမှတ် ၂၁/B ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်
ဖုန်း-၀၉-၅၀၅၉၄၀၅၊ ၀၁-၆၈၁၈၀၇၊ ၀၉-၈၆၁၃၅၃၄။

ဦးငြိမ်းမြင့် L.M.A ၀၇၇၅၆၇
အမှတ်(၈၄)၊ ပိတောက်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူ
အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်သိဒ္ဓိ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေပြည်သာ ထ/၄၃၊ မြေကွက်အမှတ်-၁၂၉၅၊ မြေအကျယ် (၄၀ပေ×၆၀ပေ)ရှိ မြေကွက်ကို ဦးငြိမ်းမြင့် L.M.A ၀၇၇၅၆၇သည် ၁၉၉၈ခုနှစ်တွင် ဦးမြမောင် P.P.N ၀၇၁၅၉၀အား လွှဲပြောင်းရောင်းချခဲ့ပြီး ၂၀၀၁ခုနှစ်တွင် ဦးမြမောင်က ဒေါ်နော်လားဘွဲ ၁၂/ရပသ (နိုင်)၀၀၀၈၉၆အား ယင်းမြေကွက်ကို ထပ်ဆင့်လွှဲပြောင်းရောင်းချခဲ့ပါသည်။ ဒေါ်နော်လားဘွဲသည် ယင်းမြေကွက်ဝယ်ယူပြီးနောက် ယင်းမြေကွက်ပေါ်တွင် အိမ်ဆောက်နေထိုင်ခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ဒေါ်နော်လားဘွဲက ဦးစောဖိုးဂေး ၁၄/အမန(နိုင်)၀၈၇၇၄၁အား ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိအိမ်တို့အား လွှဲပြောင်းရောင်းချခဲ့ရာ ဦးစောဖိုးဂေးသည် ၂၀၀၇ခုနှစ်မှ ယခုတိုင် ယင်းမြေကွက်ပေါ်တွင် ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ဦးငြိမ်းမြင့်သည် ၎င်းက ၁၉၉၈ခုနှစ်တွင် အထက်ပါယင်းမြေကွက်ကို ရောင်းချပြီး ယင်းမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မြေငှားပါမစ်မူရင်းတို့ကိုပါ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ရာ ဝယ်ယူသူအဆင့်ဆင့်တို့က ယင်းတို့ကို လက်ရောက်ရခဲ့ပါသည်။ ယင်းမြေကွက်ကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဦးစောဖိုးဂေးက ယင်းမြေကွက်တွင် ပိုင်ဆိုင်လက်ရှိနေထိုင်ပြီး ယင်းမြေကွက်၏ မြေငှားပါမစ်မူရင်းကိုလည်း အဆင့်ဆင့်ဝယ်ယူသူများ၏ လက်ဝယ်မှဝယ်ယူခဲ့ပြီး ၎င်း၏လက်ဝယ်တွင် ရှိနေပါသည်။ ဦးငြိမ်းမြင့်သည် ယခုအခါ ယင်းမြေကွက်၏ မြေငှားပါမစ်မူရင်း ပျောက်ဆုံးကြောင်း ၎င်းကိုယ်တိုင်က ရောင်းချပြီးဖြစ်ပါလျက် အဖြစ်မှန်ကိုထိမ်ချန်ပြီး မမှန်မကန်လိမ်လည်လျှောက်ထားလာ၍ ၂၅-၃-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၈)တွင် မြေငှားပါမစ်မူရင်းများပြန်လည်အပ်နှံရန် ကြေညာခြင်းဟူသောခေါင်းစဉ်ဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့က ဦးငြိမ်းမြင့်သည် ယင်းမြေကွက်နှင့် မြေငှားပါမစ်မူရင်းတို့ကို ရောင်းချခဲ့ပြီးဖြစ်သည်ကို အဖြစ်မှန်အခြေအနေမှန်ကိုမသိဘဲ ဦးငြိမ်းမြင့်က လိမ်ညာလျှောက်ထားလာသည့်အပေါ် ယုံကြည်၍ ယင်းကဲ့သို့ ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေငှားပါမစ်မူရင်းတို့သည် ဦးငြိမ်းမြင့်က ၁၉၉၈ခုနှစ်ကတည်းက ရောင်းချလွှဲပြောင်းလက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်၍ ဦးငြိမ်းမြင့်သည် ယင်းမြေကွက်နှင့်လည်းကောင်း၊ မြေငှားပါမစ်တို့နှင့်လည်းကောင်း လုံးဝပိုင်ဆိုင်ခြင်း၊ ပတ်သက်ခြင်းလုံးဝမရှိတော့ပါ။ ဦးငြိမ်းမြင့်က လွှဲပြောင်းရောင်းချသူအဆင့်ဆင့်ထံမှ ဝယ်ယူခဲ့သူ ဦးစောဖိုးဂေးကသာ ယင်းမြေကွက်နှင့် မြေငှားပါမစ်မူရင်းတို့ကို ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစောဖိုးဂေး၏ လွှဲအပ်ချက်အရ-**

ဦးအောင်ဇေယျ B.Sc., R.L(Advocate)၊ တရားရုံးချုပ်ရှေ့နေ(စဉ်-၃၆၀၉)၊
တိုက် ၈၃ (ရှစ်လွှာ) A၊ ၄၄လမ်း၊ (၈)ရပ်ကွက်၊ မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြူးမြို့အနီး ယာဉ်တိုက်မှုဖြစ်

ဖြူး မတ် ၂၉

မတ်၂၈ရက် နံနက် အရုဏ်တက် အမှောင်အလင်းသဲကွဲခြင်း မရှိသေးချိန် ဖြူးမြို့ အနောက်ဘက် နေပြည်တော်-ရန်ကုန် အဝေးပြေး ကားလမ်းမကြီး မိုင်တိုင်အမှတ်-၁၀၉/၆ အနီး၌ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားရာ ယာဉ်မောင်းအပါအဝင် လူလေးဦး သေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားသည်။

သေဆုံး

ဖြစ်ပွားပုံမှာ မတ် ၂၈ရက် နံနက် ၅ နာရီတွင် ဖြူးမြို့နယ် မိုင်တိုင် အမှတ်-၁၀၉/၆ အနီး နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇော်လွင်ဦး အသက် ၄၃နှစ်(ဘ)ဦးကံညွန့် (၃)ရပ်ကွက် လှည်းတန်း ရန်ကုန်မြို့နေသူ မောင်းနှင်သော ၈ဂ/--- လိုက်ထရပ် အဖြူရောင်ယာဉ်မှာ လမ်းအစပ်၌ ရပ်တန့်ဆီဖြည့်နေစဉ် ယာဉ်မောင်း ဇော်မင်းအောင် အသက်၂၅နှစ်(ဘ)ဦးစံထွေး ရုံးရပ်ကွက် ဖြူးမြို့နေသူ မောင်းနှင်လာသော ၈ဃ/---လိုက်ထရပ် အဖြူရောင်ယာဉ်က အရှိန်ဖြင့် ဝင်ရောက်တိုက်မိရာ ၈ဂ/--- ယာဉ်မောင်း ဇော်လွင်ဦးနှင့် ၎င်းယာဉ်ပေါ်ပါသူ မောင်ဆန်းလွင်အောင် အသက် ၁၅ နှစ် (ဘ) ဦးထွန်းဝင်း မ/၂၈၅ ရန်ကင်းလမ်း လေးထောင့်ကန်သဃ်န်းကျွန်းမြို့နယ်နေသူမှာ ဒဏ်ရာပြင်းထန်စွာ ရရှိကာ သေဆုံးသွားသည်။

ဝင်ရောက် တိုက်သည့် ၈ဃ/--- ယာဉ်မောင်း ဇော်မင်းအောင် အသက် ၂၅နှစ်နှင့် ယာဉ်ခေါင်းခန်းထဲလိုက်ပါစီးနင်းသူ ဦးဝင်းကို အသက် ၄၅နှစ်မှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိ သေဆုံးသွားသည်။ ၎င်းယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် နှစ်ဖက်ကားများမှ ယာဉ်မောင်းနှစ်ဦး အပါအဝင် လူလေးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိကာ ဒဏ်ရာရလူနာများအား သက်ဆိုင်ရာမှ ဖြူးဆေးရုံသို့တင်ပို့ခဲ့ကြပြီး ယာဉ်တိုက်မှုကို သက်ဆိုင်ရာက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ (၁၁၃)

မော်တော်ယာဉ်တစ်စီး အိမ်မဲ၌ သစ်ပင်ကိုဝင်တိုက် ခရီးသည်တစ်ဦး သေဆုံး

အိမ်မဲ မတ် ၂၉

အိမ်မဲမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စု အလယ်စုကျေးရွာမှ ဒါးကမြို့သို့ ထွက်ခွာလာသော ယာဉ်မောင်း မျိုးကျော် အသက် ၂၂နှစ်(ဘ)ဦးတင်စိန် မောင်းနှင်လာသော ၄ဂ/--- တိုယိုတာ ဖင်ကောက်ကားသည် မြောင်းမြ-ပုသိမ်လမ်းအတိုင်း မောင်းနှင်လာခဲ့ရာ မတ် ၂၈ရက် နံနက် ၁နာရီခန့်တွင် မိုင်တိုင် ၉ မိုင် ၆ ဖာလုံ အရောက် အမှတ်မထင်ပြေးထွက်လာသော ခွေးတစ်ကောင်ကို ရှောင်တိမ်းလိုက်ရာက လမ်းဘေးသစ်ပင်ကိုဝင်တိုက်မိပြီး ကားပေါ်ပါ ဦးနိုင်အောင် အသက် ၄၂ နှစ် (ဘ) ဦးသန်းမောင် ဒါးကမြို့နေသူမှာ နဖူးတည့်တည့်သို့ ကားတံခါးချက်ထိုးပေါက်ဝင်သွားပြီး သေဆုံးသွားသည်။

ဆေးကုသခံယူ

ကားပေါ်ပါ အခြားခရီးသည် နှစ်ဦးနှင့် ယာဉ်မောင်း မျိုးကျော်တို့မှာ ဒဏ်ရာအသီးသီး ရရှိကြ၍ ပုသိမ်ဆေးရုံကြီး၌ တင်ပို့ ဆေးကုသခံယူလျက်ရှိကြောင်း၊ ယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၃-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	**သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈း၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀	၈။	**ကြိုဆိုလျက်ပါ**
၈း၃၀	၉။	တေးဂီတအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	အရေးပြိုင်ပွဲ

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၂၅	၄။	တေးဂီတအစီအစဉ်
၄း၃၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၇။	သီချင်းကြီးပဒေသာ
၅း၀၀	၈။	International Science News
၅း၁၅	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀	၁၀။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅	၁၄။	ရွှေရင်ခုန်သံ
၇း၁၅	၁၅။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၅	၁၆။	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၈)
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၇)
	၂၂။	မြန်မာဗီဒီယိုဇာတ်လမ်း **ပြင်းပြင်းရှရှရသ** စိုင်းစိုင်းခမ်းလှိုင်၊ မိုးပြည့်ပြည့်မောင်၊ ပုလဲဝင်း (ဒါရိုက်တာ-မီးပွား)
	၂၃။	အစီအစဉ်ပြီး၏။

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး တိုက်မိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း မတ် ၂၈ရက် နံနက် ၉နာရီခန့်တွင် ပက်လေးကျောက်ကျေးရွာနေ ဦးထွန်းငြိမ်း၊ ဝင်းမောင်ကျေးရွာနေ မောင်စောမလေစော၊ တံခွန်တိုင်းကျေးရွာနေ ကိုရဲ၊ ကင်မွန်းချောင်ကျေးရွာနေ ကိုအောင်လွင်၊ မတ်လေးကျောက်ကျေးရွာနေ ကိုအောင်သန်းနှင့် မိချောင်းဝင်း ကျေးရွာနေ မောင်စောကိုစိုးတို့ ခြောက်ဦးသည် ရွှေလုပ်ငန်းစမ်းသပ်လုပ်ကိုင်ရန် လုပ်ကွက်နေရာ လိုက်လံရှာဖွေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး တိုက်မိပေါက်ကွဲခဲ့ရာ ဦးထွန်းငြိမ်း၊ မောင်စောမလေစောနှင့် ကိုရဲတို့သုံးဦးမှာ သေဆုံးခဲ့ပြီး ကိုအောင်လွင်၊ ကိုအောင်သန်းနှင့် မောင်စောကိုစိုးတို့ သုံးဦးမှာ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သောကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

KNU အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

KNU အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့်အဆိုပါ KNU အကြမ်းဖက်သောင်းကျန်းသူများအား မိမိတပ်မတော် စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုပုံးမြို့နယ်၌ ကျားကိုက်ခံရသဖြင့် ရွာသားတစ်ဦး ဒဏ်ရာများရရှိ

နေပြည်တော် မတ် ၂၉

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် နမ့်ပါစီ ကျေးရွာအုပ်စု နောင်မွန်ကျေးရွာနေ စိုင်းသောန (၂၅)နှစ်သည် မတ် ၂၇ ရက် နံနက် ၅ နာရီခန့်တွင် နောင်မွန်ကျေးရွာမှ အရှေ့ဘက် ၄မိုင်ခန့်အကွာရှိ ၎င်းပိုင်စိုက်ပျိုးရေးခြံသို့ သွားရောက်စဉ် လမ်းခရီးတစ်နေရာ၌ လေးတောင်ခန့်ရှိ ကျားတစ်ကောင်က ဝင်ရောက်လုံးထွေး သတ်ပုတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့ဖြစ်၍ စိုင်းသောန၏ ယာဘက်ပေါင်၊ ယာလက်ဖျံတို့၌ ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် -- စုစည်းသည် ➤

ကနေဒါတွင် ရထားတစ်စင်း လမ်းချော်ပြီး မီးလောင်မှုဖြစ်ပွား

အော့တဝါ မတ် ၂၉

ကနေဒါနိုင်ငံ ပို့ခ်ဟုပ်အနီးတွင် မတ် ၂၇ ရက်က ကုန်တင်ရထားတစ်စင်း လမ်းချော်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ပျက်စီး

ရထားလမ်းချော်မှု ဖြစ်ပွားသည့်နေရာတွင် ရထားလမ်းနှင့်အပြိုင် မျဉ်းပြိုင်ရှိနေသည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတစ်ခုလည်း အကြီးအကျယ် ပျက်စီးခဲ့သည်ကို ကနေဒီယန်ရုပ်သံလွှင့်ဌာနက သတင်းကြေညာသည်။

ပြောင်းရွှေ့

ပို့ခ်ဟုပ်မြို့၏ ရဲအရာရှိ ဂျယ်ရီဟူးက ယင်းရထား လမ်းချော်ခဲ့သည့်နေရာမှ အချင်းဝက် ၁ ဒသမ ၅ကီလိုမီတာ ပတ်ဝန်းကျင် ဧရိယာအတွင်း ရှိနေသည့် အိမ်ခြေများကိုလည်း ဘေးအန္တရာယ်မရှိစေရန် လွတ်ကင်းရာ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ပြောကြားသည်။ သေဆုံး ဒဏ်ရာရရှိမှု သတင်းမရရှိသေးကြောင်း ဒေသတွင်း သတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တော်မြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သီဟနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းသည် ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်သန်းလွင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်မြင့်တို့လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက်က ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်သို့ရောက်ရှိပြီး ၂၀၁၀ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပါဝင်သည့် နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ယာပုံ)**

စာရင်းကောက်

အဆိုပါလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အတွင်း အပြီးကောက်ယူမည်ဖြစ်ပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၂ရွာနှင့် အိမ်ထောင်စုပေါင်း ၉၄၇ တို့ကို လည်းကောင်း၊ ကော့မှူးမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၆ ရွာနှင့် အိမ်ထောင်စုပေါင်း ၉၉၈ တို့ကိုလည်းကောင်း နမူနာကောက်ယူခြင်းနည်းလမ်းဖြင့် စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်

မြင်းကကုန်း မတ် ၂၈

မြင်းကကုန်း မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မတ် ၂၀ ရက်က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်မှူး ဦးခိုင်ထွန်းခေါင်းဆောင်သော ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန တပ်ကြပ်ကြီး ဦးခင်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် လူနေအိမ်များနှင့် အဆောက်အအုံများသို့ လျှပ်စစ်လမ်းမီးတိုင်များမှ ဆက်သွယ်ထားသော ဝိုင်ယာကြိုးများ၊ အဆောက်အအုံများအတွင်း အသုံးပြုနေသော ဝိုင်ယာကြိုးများ မီးအားခံနိုင်မှုနှင့် လျှပ်စစ်စည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ မရှိတို့ကို တစ်အိမ်တက်ဆင်း စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၈၈)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျွန်းလှမြို့နယ်၌ သင်တန်းဖွင့်

ကျွန်းလှ မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မြေစာရင်းဦးစီးဌာနကကြီးမှူး၍ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်း မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်နှင့် ဝန်ထမ်းများ၊ စာရေးဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မတ် ၂၁ ရက်က လူသတ်မှုတရားခံကို ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော အမှတ်(၁) ရဲတပ်ဖွဲ့စခန်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကျင်းပရာ မြို့မိမြို့ဖများက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (၁၁၆)

နွေရာသီသင်တန်းများဖွင့်

နေပြည်တော် မတ် ၂၉

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် နွေရာသီ အားကစား၊ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်ပွဲကို မတ် ၂၁ရက် နံနက်က တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ပညာရေးမှူး၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ စုံညီစွာ တက်ရောက်ကြပြီး သင်တန်းကို မတ် ၃၀ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၁)**

မီးဘေးကာကွယ်ရေး အိမ်မဲမြို့၌ ဆောင်ရွက်

အိမ်မဲ မတ် ၂၈

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာများတွင် မီးသုံးစွဲမှုအခြေအနေနှင့် မီးဘေးကာကွယ်ရေး ပစ္စည်းများထားရှိမှုအခြေအနေတို့ကို မတ် ၂၂ရက် ညနေပိုင်းက အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ စစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဖျာပုံခရိုင် ဘိုကလေးမြို့ ရေပေးဝေရေးအတွက် ရေပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကို မတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးကြည်စိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၆)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့ မတ် ၇ ရက်က သုံးခွမြို့နယ် မြို့ရေပေးဝေရေး ရေမီတာတပ်ဆင်မှု၊ ၃၁ ဧက ရေကန်ရေသိုလှောင်ထားရှိမှုနှင့် မြို့သန့်ရှင်းရေးဆောင်ရွက်မှုတို့ကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် အေးချမ်းမြေ့လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၁၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟုမ္မလင်းမြို့နယ် ခေါက်ငုံး-နန်းတောကျောက်ရောမြေခင်းခြင်းကို မတ် ၁၇ ရက်က ဟုမ္မလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်း မြို့မဈေးကြီးရှေ့၌ ဂါလန် ၅၀၀၀ ဆံ့ မီးသတ်အုတ်ရေကန် တည်ဆောက်မည့်လုပ်ငန်းနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

တောင်သူလက်တွေ့ပိုးမွှားကာကွယ်ရေး
ဝက်လက်မြို့၌ သင်တန်းဆင်း

ဝက်လက် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာတွင် တိုင်းဒေသကြီး မန်နေဂျာ ဦးလှမြင့်အောင်နှင့် ခရိုင်မန်နေဂျာ ဦးသိန်းဝင်းတို့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို ရည်ရွယ်၍ တောင်သူလက်တွေ့ ပိုးမွှားကာကွယ်ရေးသင်တန်းကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ သောကြာနေ့တိုင်း ဖွင့်လှစ်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၅ရက်က သင်တန်းဆင်းပွဲ ကျင်းပသည်။

တက်ရောက်

ယင်းသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မန်နေဂျာရုံးမှ မြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာ၊ မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်၊ ပိုးမွှားရောဂါကာကွယ်ရေးတာဝန်ခံဒေါ်စန်းမြင့်၊ ဒေါ်နော်သင်းသင်းအေး၊ ခရိုင်ပိုးမွှားရောဂါကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းတို့က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စာတွေ့ လက်တွေ့ ကွင်းဆင်းသင်တန်းပို့ချပြီး မြို့နယ်ရုံးမှ ဝန်ထမ်းများနှင့် သင်တန်းသား ၂၅ ဦး တက်ရောက်ကြသည်။ **(ယာပုံ)**

ပညာပေးဆွေးနွေး

သင်တန်းဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်ကြည်ဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ သင်တန်းသားများအား စိုက်ပျိုးရေးပညာရပ်များ လက်ဆင့်ကမ်း ပညာပေးရန် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

မြို့နယ် သတင်းထွေထွေလာ

မင်းကုန်း-ရွာသစ်ကုန်းလမ်း မြန်အောင်မြို့နယ်၌ဖွင့်

မြန်အောင် မတ် ၂၈

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မင်းကုန်း-ရွာသစ်ကုန်း ကျေးလက်မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်တွင် အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအတွက် တွံတေးမြို့နယ် တက္ကသိုလ်မိသားစုက ကောဒသမအကြိမ်မြောက် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၁၃ရက်က ရွှေဆံတော်စေတီရင်ပြင်ရှိ ဒေါ်ပုချစ်တီးတန်ဆောင်း၌ကျင်းပရာ ရွှေဆံတော်ဂေါပကအဖွဲ့သို့တက္ကသိုလ်မိသားစုက ငွေပဒေသာပင်ငွေကျပ်ရှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၃ ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျန်းမာရေး ဝန်ထမ်းများအား တီဘီရောဂါ တိုက်ဖျက်ရေး စီမံချက်တွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းက မှာကြားစဉ်။ (ဝ၂၁)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး
ဒိုက်ဦးမြို့နယ်၌ ဆောင်ရွက်

ဒိုက်ဦး မတ် ၂၆

ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးသန်းလွင်သည် ပဲခူးခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးညဏ်စိန် လိုက်ပါလျက် ဒိုက်ဦးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် ပါဝင်သည့် နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို လက်တွေ့ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်မည်

အဆိုပါလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အတွင်း အပြီးကောက်ယူလျက်ရှိပြီး ဒိုက်ဦးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၇/၄၆ အုပ်စုမှ ၇/၁၁၁ ရွာနှင့် အိမ်ထောင်စုပေါင်း ၂၇၃၀ တို့ကို နမူနာကောက်ယူခြင်းနည်းလမ်းဖြင့် စာရင်းကောက်ယူလျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)



မိုးကောင်း၌ ကျောက်ချောလမ်းသစ်ဖွင့်

မိုးကောင်း မတ် ၂၈

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျွန်းတောရပ်ကွက် (၂)လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက်က အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဖောက်လုပ်ခဲ့

အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ၁၉၅၅ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ဒသမ ၅သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့နယ်၌ နှမ်းစပါးစံကွက်ရိတ်သိမ်း

ပုသိမ် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းတို့သည် ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်မြင့်နှင့် မြေစာရင်းစိုက်ပျိုးရေးကွင်း ဝန်ထမ်းများနှင့်အတူ မတ် ၂၁ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စု ကွင်းအမှတ် (၁၆၇-က)၊ ဦးပိုင်အမှတ် (၁၃/၁) ဧရိယာ ၆ ဒသမ ၂၀ ဧကရှိ တောင်သူဦးလှသိန်း၏ သီးထပ်ရင်စိုက်ခင်း၌ နွေစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ထွက်ရှိ

ထိုသို့ နွေစပါးရိတ်သိမ်းရာတွင် အဆိုပါနွေစပါးစံကွက်မှ တစ်ဧကလျှင် ၁၀၉ ဒသမ ၃၇ တင်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်မြေစာရင်း)**

လှည်းကူးမြို့၌ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

လှည်းကူး မတ် ၂၆

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန ဇရပ်ကွင်း-လှည်းကူးမြို့၌ မတ် ၁၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် လုပ်ငန်းခွင်အကြိုသင်တန်းအမှတ်စဉ် (၃/၂၀၁၁)တွင် မတ် ၂၁ရက် နံနက် ၁၁နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း သင်တန်းသား ၉၇ ဦးနှင့် ဝန်ထမ်း ၅၂ ဦးတို့အား တွေ့ဆုံအမှာစကားပြောကြားသည်။ **(ဝဲပုံ)**

မှာကြား

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်ဝင်းက အမှာစကားပြောကြားရာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများ၏ ဘဝတိုးတက်အောင် လုပ်ဆောင်ကြရေး၊ တိုးတက်မြင့်မားလာသော စိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မပျက်ထိန်းသိမ်းရေး၊ ခေတ်နှင့်အညီတိုးတက်ပြောင်းလဲနေသော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများအား မျက်ခြည်မပြတ်လေ့လာဆည်းပူးသွားကြရေးမှာကြားခဲ့ကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

ဖျာပုံမြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ်၂၄ရက်က ကျုံတာကျေးရွာတွင် ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီရောဂါစီမံချက် ဖျာပုံ၊ကျိုက်လတ်တာဝန်ခံ ဆရာဝန်ဒေါက်တာဌေးမြင့် တီဘီရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောစဉ်။ (ဝ၇၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး China Railway International Ltd.ဥက္ကဋ္ဌ Mr. Zhao De Yi ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး China Railway International Ltd. ဥက္ကဋ္ဌ ခေါင်းဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် China Railway International Ltd. ဥက္ကဋ္ဌ Mr. Zhao De Yi ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻